www.burmeseclassic.com

မောင်မျိုး
စီစဉ်သည်

# The Last Testament of a Ghost

min khaike soe san

:)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မင်းခိုက်စိုးစန်

တစ္ဆေတစ်ကောင်ရဲ့ သေတမ်းစာ

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ..... ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ..... ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ..... ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်း၊ ပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


စာမူခွင့်ပြုချက်အမှတ်

၅၀၀၇၉၉၀၇၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၉၇၃၀၁၁၂

**ထုတ်ဝေသူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**

ပထမအကြိမ် ၂၀၁၂ ခုနှစ်၊

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

သေတမ်းစာ/မင်းခိုက်စိုးစန်။ --ရန်ကုန်၊ ၈၉၅.၈၃

ကြောင်နှစ်ကောင်စာပေ၊ ၂၀၁၂၊

၁၅၅-စာ ၊ ၁၈.၅ x ၁၃.၅ စင်တီ။ (၁)သေတမ်းစာ


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

၁။ ဂျိုသြမေတ္တိနှင်းဆီ

၂။ ကျွန်တော်နှင့် အလင်းဆိပ်

၃။ ကျွန်တော်၏အခန်း

၄။ တစ္ဆေတစ်ကောင်ရဲ့ သေတမ်းစာ

၅။ ဦးဘကွန်းရဲ့အိမ်

၆။ တတိယမြောက်ဆည်းဆာ

၇။ တစ္ဆေ

၈။ ကလေးတစ်ယောက်ရဲ့ မှတ်စု



# ဂျိုသြမေတ္တိ နှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



(၁)

အဲသည် သကြ၊န်အကျနေ့ညမှာပဲ ဘတိုး ဆုံးသွားတယ်။ နှစ်ရှည်လများ အရက်ဒဏ်မိခဲ့သူတို့ရဲ့ ထုံးစံအတိုင်း အသက်မထွက်ခင်မှာ အတော်ကလေးတော့ ခံစားလိုက်ရတာပေါ့။ ကွပ်ပျစ်ပေါ်မှာ သူညည်းတွားလူးလိမ့်နေရတာကို ကျန်တဲ့ သူ့ညီသုံးယောက်လည်း ထိုင်ကြည့်နေရုံပဲတတ်နိုင်တယ်။ စိတ်တော့မကောင်းကြဘူးပေါ့လေ . . . ဟုတ်တယ်မဟုတ်လား၊ ကိုယ့်အစ်ကို အရင်းခေါက်ခေါက်ကြီးပဲ။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ။ ရွာမှာက ဆရာဝန်လည်းမရှိဘူး။ ရှိတယ်ပဲ ထားဦးတော့။ မြို့ဆေးရုံက ဆရာဝန်ကြီးတွေတောင်မှ ဘတိုး သွေးဝမ်းတွေသွားလို့ နောက်ဆုံးအကြိမ် ဆေးရုံတင်ရကတည်းက မျှော်လင့်ချက်မရှိတော့ဘူး . . . အနေးနဲ့အမြန် ပဲလို့အဖြေထုတ်ပေးပြီးသား။ မသကာ ညင်ညင်သာသာ အသက်ထွက်အောင် လုပ်ပေးရုံကလွဲလို့ ဘယ်သူကမှ ဘာမှ မတတ်နိုင်တော့ဘူး။

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အင်းလေ . . . ညင်သာတယ်၊ မညင်သာဘူး ဆိုတဲ့ ကိစ္စတွေတလည်း သေပြီးတဲ့နောက်တော့ ဘာမှ အဓိပ္ပာယ်မရှိတော့ပါဘူး။ အဲဒီမှာ တစ်ချက် ပိုဆိုးသွားတာက အငယ်ဆုံးကောင် မောင်ထွေး က သူ့အစ်ကိုကြီး ဘိလပ်ရည်သောက်ချင်တယ်ဆိုလို့ သူ့အရက်နဲ့ စပ်သောက်ဖို့ ဖွက်ထားတဲ့ ဘိလပ်ရည်ပုလင်းကို ထုတ်တိုက်လိုက်တာပဲ။ ဆားနည်းနည်းတော့ ခတ်လိုက်တယ်လို့ ပြောတယ်။ ကျန်တဲ့ မောင်ကြီး နဲ့ မောင်လတ်ကတော့ အဲဒါကိုပဲ အပြစ်တင်ချင်သလို လေသံနဲ့ ဝိုင်းပြီး ပြောကြသေးရဲ့။ အဲ . . . မောင်ထွေး ပြောတာကလည်း ရှင်းတယ်။

"သူသောက်ချင်တယ်ဆိုမှတော့ တိုက်လိုက်ဖို့ထက် ကောင်းတဲ့ ဖြေရှင်းနည်း ကျွန်တော့်မှာ မရှိဘူး။ တိုင်ပင်ရအောင် ကိုကြီး နဲ့ ကိုလတ်တကော. . . တစ်နေကုန်မူးပြီး ပျောက်သွားနေတာ. . .။ သကြ်ာန်အကြိုနေ့ကတည်းက စပြီး အိမ်မှာ ကပ်လို့လား။ ခုမှလာပြီး ကျွန်တော့်ကို အပြစ်မတင်ကြနဲ့"

မောင်ထွေးက ခပ်မာမာပဲ။ တကယ်တော့ သူလည်း အဲသည်တစ်နေ့လုံး မူးနေတာပါ။

အစ်ကို အကြီးဆုံးဖြစ်တဲ့ ဘတိုး ကို မောင်ထွေး ကြောက်ရတယ်။ ဒီလောက် နေမကောင်းဖြစ်နေတာတောင် သူ စိတ်မထင်ရင် မထင်သလို ခုတင်ပေါ် ပက်လက်နေရင်းက တွေ့ရာပစ္စည်းနဲ့ လှမ်းပေါက်တတ်တာ။ ဒီတော့ အစ်ကိုကြီး ဘတိုးဘေးက မောင်ထွေး မခွာရဲဘူး။ လူနာစောင့်ရင်း ခုတင်ခြေရင်းမှာ ချထားတဲ့ အရက်ပုလင်းကိုပဲ ဖွင့်ဖွင့်ပြီး မော့ရင်း တစ်နေကုန်ရရှာတယ်။





အဲ. . . အဲဒီအချိန်မှာ မောင်ကြီး နဲ့ မောင်လတ် ကတော့ ရွာစဉ်လည်ပြီး သောက်ကြ၊ ရမ်းကြ၊ မြူးကြပေါ့။ စတုဒီသာမဏ္ဍပ်တွေမှာ ဝင် စား၊ ရေဆိပ်သွားပြီး အပျိုတွေကို ရေပက်၊ အမူးပြေသွားရင် တစ်ခါထပ်သောက်၊ နောက်တစ်ရွာ ကူး . . . ။ ဟိုဘက်ရွာမှာက ဒွေးကြည်မ ဆိုတဲ့ အပျိုပေါက်မလေး တစ်ယောက်ရှိတယ်။ ရုပ်ရည်တလေးကလည်း သနားကမားလေး။ မောင်ထွေးကြိုက်နေတဲ့ ကောင်မလေးဆိုပါတော့။ မောင်ကြီးနဲ့မောင်လတ် မူးမူး နဲ့ အဲဒီရွာရောက်သွားရင် ဒီဟာမလေးကိုလည်း သူတို့ အလွတ်ပေးကြမှာ မဟုတ်ဘူး။ သေချာတယ်။ အဲဒါကိုပဲ မောင်ထွေး တွေးတွေးပြီး စိတ်နာလို့ မဆုံးဘူး။

ဒါနဲ့ပဲ မကျေနပ်ချက်တွေစုပြီး သူကပဲ အစ်ကိုကြီးရဲ့ နောက်ဆုံးအချိန်မှာ ရေရေလည်လည် ကိုယ်ဖိရင်ဖိ ပြုစုလိုက်ရသလိုလို. . .။

ကျန်တဲ့ အစ်ကို နှစ်ယောက်ကပဲ လူ့ဝတ္တရား နားမလည်၊ အသုံးမကျသလိုလို အဓိပ္ပာယ်ထွက်အောင် သာသာ နဲ့ နာနာ လျှောက်ပြောပစ်လိုက်တယ်။ မောင်ကြီးနဲ့ မောင်လတ်ကတော့ ကိုယ့်အပြစ်နဲ့ကိုယ် ဘာမှ ပြန်မပြောနိုင်ဖြစ်နေရော။ ဒီတော့မောင်ကြီးကပဲ စကားလွှဲလိုက်ပြီး . . .

"ကဲကွာ. . . ဒါဆိုလည်း အသုဘချဖို့ကိစ္စကို ဘယ်လို လုပ်ကြမလဲဆိုတာ ဝိုင်း စဉ်းစားကြရအောင်၊ အဲဒါကမှ တကယ် အရေးကြီးတာကွ"

ဟုတ်တယ်။ ရပ်ရွာဓလေ့ထုံးစံအရတော့ အသုဘကို သကြ်ာန်



www.burmeseclassic.com

www.burmeseclassic.com



လွန်ပြီး နောက် နှစ် ကူးအောင် မထားကောင်းဘူးလို့ အယုံအကြည် ရှိကြတာကိုး။ ဒီတော့ အစ်ကိုကြီး ဘတိုးရဲ့အလောင်းကို အမြန်ဆုံး သင်္ဂြိုဟ်ပစ်ဖို့ အရေးကြီးလာပြီ။ အဲသည်မှာ မောင်ထွေးက . . .

"ဟာ. . . ဒါအစ်ကိုတို့ပဲ ဆုံးဖြတ်ကြ၊ စီစဉ်ကြပေါ့၊ ကျွန်တော် ဝင်စွက်လို့ ဘယ်ကောင်းပါ့မလဲ၊ လူကြီးတွေကိစ္စ မဟုတ်လား၊ အစ်ကိုတို့ပဲ လုပ်ကြပါ"

မောင်ထွေး လိမ္မာ ပစ်လိုက်တယ်။ အမှန်က သူ ခေါင်း မထောင်နိုင်တော့လို့. . .။ ဟုတ်တယ်လေ. . . တစ်နေ့လုံး အရက်ကို တစွပ်စွပ် သောက်ထားတာကိုး။ သူ့အစ်ကိုတွေအပေါ် တာဝန်ပုံချ ပြီးတာနဲ့ အိမ်ခြေရင်းဘက်ဖင်ရွှေ့သွားပြီးခွေလှဲပစ်လိုက်တယ်။ မောင်လတ်က . . .

"ဒီလို ဘယ်ဟုတ်မလဲ မောင်ထွေးရဲ့၊ ကိုယ့်အစ်ကိုရဲ့ ဈာပနမှာ မင်းရဲ့စိတ်ကြိုက်လည်း ဖြစ်ဖို့လိုတာပေါ့"

မောင်ထွေး ပြန် မဖြေနိုင်တော့ဘူး။ အိပ်ပျော်သွားပြီ . . .။

မောင်လတ် က ထလာပြီး . . .

"ဟေ့ကောင်. . . မောင်ထွေး၊ ဟေ့ကောင်. . . မောင်ထွေး"

နဲ့ လှုပ်လှုပ်နှိုးတယ်။ မရတော့ သူပါရောပြီး မောင်ထွေးဘေး လှဲချလိုက်တာ မိနစ်ပိုင်းအတွင်း ဟောက်သံထွက်လာရော။ သူလည်း တစ်နေ့လုံး ရေ ကစားထားတာနဲ့၊ အရက်သောက်ထားတာနဲ့ ပင်ပန်း တာကိုး။

ညီနှစ်ယောက် အိပ်ပျော်သွားတာနဲ့ တစ်ခါတည်း မောင်ကြီး





လည်း နေရာကတောင်မရွှေ့ဘူး။ ခြေပစ်လက်ပစ် လှဲချလိုက်တော့ တယ်။

မီးခွက်ကလေး မှိန်တုတ် မှိန်တုတ် . . .

အိပ်ပျော်နေတဲ့ လူသုံးယောက် . . .

အလောင်းတစ်လောင်း . . .

●



www.burmeseclassic.com

www.burmeseclassic.com



## (၂)

မဆိုးပါဘူး။

မနက်စောစောစီးစီး မောင်လတ် က ရွာရိုးလျှောက်ပြီး သူ့ သူငယ်ချင်း အရက်သမားတွေကို ပြောဆိုလှုစုလိုက်တော့ အသုဘ မချခင် အချိန်ကလေးမှာကိုပဲ အတော် စည်စည်ကားကားဖြစ်နေပြီ။ ကိုတိုးကြီး နဲ့သောက်ဖော်သောက်ဖက် ဝါရင့်အရက်သမားကြီးတွေ လည်း ပါတာပေါ့။ လူသုံးလေးဆယ် စုမိပြီဆိုရင်ကိုပဲ အလုပ်ဖြစ်ပြီ။ ခေါင်းစပ် တဲ့သူနဲ့၊ ရွာဦးကျောင်းပြေးပြီး ကြေးစည် တို့၊ ရေနွေးအိုး တို့၊ ပန်းကန်ခွက်ယောက်တွေ ငှားတဲ့သူနဲ့ . . . ။

သည်ကြားထဲ တစ်ဘက်ရွာကလာတဲ့ ကိုတိုးကြီးရဲ့ သူငယ်ချင်း လေးငါးယောက် က နှင်းဆီပန်းတွေစုသီပြီး ပန်းခွေလိုလို ဘာလိုလို လုပ်လာသေးတယ်။ တောင့်တောင့်တင်းတင်းတော့ ဘယ်ရှိမှာလဲ၊ လုပ်မှ မလုပ်တတ်ကြတာ။ ဒီတော့ . . . ကောက်ရိုးတွေ သစ်ရွက်တွေနဲ့ ရှုပ်ပွ





ပြီး နှင်းဆီပန်း လေးငါးဆယ်ပွင့်ကလည်း ကျိုးတိုးကျဲတဲ၊ ခွေလုပ်ထားတဲ့ ငါးခြမ်းပြားနှစ်ချပ်ကလည်း ခနော်ခနဲ့။ ဒါပေမဲ့ . . . ဘာပဲဖြစ်ဖြစ် လေ။ အမှတ်တရ သိတတ်တဲ့သဘော ပေါ်လွင်တာပဲ၊ တော်ပြီပေါ့. . .။ အရက်သမားပဲဖြစ်ဖြစ်၊ ဘာကောင်ပဲဖြစ်ဖြစ် သေသွား ပြီးတဲ့နောက်မှာ သူ့ကိုချစ်ခင်တဲ့ ပရိသတ် မိတ်ဆွေ သူငယ်ချင်းရှိတယ်ဆိုတာနဲ့တင် အတော် ဂုဏ်ယူဖို့ ကောင်းလှပြီ။

မိတ်ဆွေ သူငယ်ချင်းဆိုလို့ ပြောရဦးမယ်။ အသုဘချလာတဲ့ လမ်းတစ်လျှောက်မှာပေါ့။ ငိုမည့်လူလည်း မရှိ၊ အစိမ်းသက်သက် လူအုပ်ကြီး လမ်းလျှောက်လာခဲ့ကြရတာ ပျင်းခြောက်ခြောက်နဲ့။သချိုင်း ကလည်း ဝေးပ့ါ။ ရွာလေးရွာပေါင်းလို့မှ သချိုင်းက တစ်ခုတည်းဆို တော့။ နောက်ပြီး ရွာတွေကြားမှာလည်း မဟုတ်ဘူး။ ဟိုး. . . တစ်ဘက် အစွန်မှာ . . .။ ငါးမိုင် သာသာလောက် လမ်းလျှောက်မှ ရောက်တဲ့ခရီး နည်းလား။

သည်ကြားထဲ တန်ခူးလဆိုတော့ နေကလည်း ခြစ်ခြစ်တောက် ပူလို့ . . .။

အဲသည်မှာ ကိုဘတိုးကြီးရဲ့ သောက်ဖော်သောက်ဖက် မိတ်ဆွေ ချင်းကြီး ကိုထွန်းစန်း က မောင်ငယ့်ကို . . .

"ဟေ့ကောင် . . . အသုဘဆိုတာ ငိုမယ့်လူရှိမှ ကောင်းတာ ကွ။ မင်းတို့ညီအစ်ကိုတွေ တစ်ယောက်ယောက်ဖြစ်ဖြစ် ငိုပါလား"

"ဟာဗျာ. . . ကျုပ်တို့မှ မငိုတတ်တာ၊ ရယ်စရာကြီး ဖြစ်နေမှာ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့လခွေးပဲ၊ ဒီပြင်ရွာတွေကို ဖြတ်ရတော့ သူများတွေက ဘယ်လိုထင်မလဲ၊ ဘတိုးကြီးကို သေစေချင်နေတာ၊ အခု ဘတိုးကြီး သေလို့ ဝမ်းသာနေကြတယ်၊ ဘယ်သူမှ မငိုဘူးလို့ ထင်မှာပေါ့။ ဒီလို လုပ်ကွာ . . . မင်းတို့ မငိုရင် ငါပဲငိုတော့မယ်"

မောင်ငယ်ကလည်း သိပ် မစဉ်းစားတော့ဘူး။ သဘောတူပစ်လိုက်တယ်။ အဲဒီမှာ ကိုထွန်းစန်းက . . .

"နေဦးကွ၊ ဒီအတိုင်းချည်းတော့ ငါလည်း မငိုတတ်ဘူး၊ အရက်သောက်ပြီး ငိုမှဖြစ်မှာ . . .၊ မင်းတို့ ခဏ စောင့်ကြဦးကွာ"

ဖြစ်ပုံက. . .။ ကိုထွန်းစန်းလည်း အရက်ဆိုင်ကို ပြေးရော ကျန်တဲ့ သူငယ်ချင်းတွေကပါ သူတို့လည်း ငိုပါမယ် တကဲကဲလုပ်ပြီး ကိုထွန်းစန်း နောက် လိုက်ကြတော့တာပဲ။ အသုဘပို့ လူတစ်ဝက်လောက် လျော့သွားတယ်။ ဒီ အလောင်းထမ်းတဲ့လူတွေရော. . . မောင်ကြီးတို့ မောင်လတ် မောင်ငယ် တို့ရော. . . ဘာသားနဲ့ ထုထားတာမို့လို့လဲ။ သောက်ချင်တာပေါ့။ ဒါနဲ့ အလောင်းကို ခဏ ချထားပြီး အားလုံး ဝင်သောက်ဖြစ်ကြရဲ့။

အရက်ဆိုင်မှာတင် တစ်နာရီလောက်တော့ ကြာသွားတယ်။ ဒါတောင်မှ ရွာလူကြီးတစ်ယောက်က အမြင် မတော်လို့ လာပြောတော့မှ ကိစ္စပြတ်တာ။ ပြန်ထွက်လာပြီးလို့ သင်္ချိုင်းဆီ ဆက်သွားကြတဲ့ လမ်းတစ်လျှောက်မှာတော့ ငိုသံတွေဟာ ပွက်လောကိုညံနေတာပဲ။ အဲ . . . မောင်လတ်ကတော့ မငိုဘူး။ ဒေါကန်နေတယ်။ ဟုတ်တာပေါ့ အားလုံးအတွက် အရက်ဖိုးကို သူ့အိတ်ထဲကပိုက်ဆံနဲ့ ရှင်းလိုက်ရတာကိုး။





သူက သဒ္ဒါလွန်းလို့တော့ မဟုတ်ဘူး။ မောင်ကြီးက အတင်းနှိုက်ယူသွားတာ။

ငိုသံတွေကလည်း ပွက်ပွက်ဆူ၊ နေကလည်းပူ၊ လူတွေကလည်း ချွေးသံတွေ တရွှဲရွှဲနဲ့ . . .။ မူးလည်း အတော် မူးနေကြပြီ။ သင်္ချိုင်းရောက်တော့ မြေ မချခင် တော်တော်လေးကို ရှုတ်ရှုတ်သဲသဲ ဖြစ်လိုက်ကြသေးတယ်။ အလောင်းကို ဖက်ထား ဆွဲထားတဲ့လူနဲ့ . . .။ မြေကျင်းထဲလိုက်ခုန်ဆင်းပါမယ် လုပ်တဲ့လူနဲ့ . . .။

သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေလေ . . .။ အဲဒီအချိန်မှာ လိုက်ပို့ကြတဲ့ သူတွေထဲက တစ်ယောက်က မောင်လတ် အနားကို ကပ်ပြီး . . .

"ဟေ့ကောင်. . . မောင်လတ်. . . မြေ မဖို့ခင် အလောင်းက ပန်းတစ်ပွင့်ကို ဖြုတ်ယူခဲ့၊ ဒါ ဝိညာဉ်ခေါ်တာကွ၊ ထုံးစံပဲ၊အဲ. . . ရက်လည်ဆွမ်းသွတ်အမျှဝေပြီးရင် အဲဒီပန်းကို ပြန်ပို့ပေးရတယ်"

မောင်လတ်ကလည်း မူးမူးနဲ့ အလောင်းက နှင်းဆီပန်းတစ်ပွင့် ဖြုတ်ယူ။ ပြီးတော့ . . .

"အစ်ကိုကြီး ဘတိုးရေ . . . လိုက်ခဲ့ . . . လိုက်ခဲ့ဗျ"

အက်ကွဲခြောက်ကပ်နေတဲ့ အသံက ကြေကွဲစရာလိုလို တစ်မျိုးပေါ့လေ။

နောက်တော့ . . အဲဒီ နှင်းဆီပန်း ကို အိမ်ကို ယူလာခဲ့ကြတယ်။

●



www.burmeseclassic.com

www.burmeseclassic.com



(၃)

ရက်လည် ဆွမ်းသွတ်က သိပ် ခမ်းခမ်းနားနားကြီး မဟုတ်ပါဘူး။ ဘုန်းကြီး များများစားစားလည်း မပင့်နိုင်တော့ တစ်ပါးပဲ ပင့်ပြီး ဆွမ်းကပ်လိုက်ကြတယ်။

ကိစ္စဝိစ္စတွေပြီးလို့ လူလည်းရှင်းရော ပြဿနာ တက်တော့တာပဲ။

ပန်း . . . လေ။ နှင်းဆီပန်း . . . ။ ဘယ်သူ သွားပြန်ပို့မှာလဲ။

မောင်လတ်က . . .

"ကဲ. . . ကိုကြီးပဲ အဲဒီနှင်းဆီပန်း ကို သချိုင်း ပြန်ပို့လိုက်ပါတော့၊ ကျွန်တော် အိမ်မှာ လုပ်စရာရှိတာလေးတွေ လုပ်လိုက်ဦးမယ်"

'ဟ. . . ငါနဲ့ ဘာဆိုင်လို့လဲ၊ မင်းယူလာတာ မင်း. . . သွားပြန်ပို့ပေါ့"

"ဟာဗျာ. . . အစ်ကိုကြီးကလည်း ကပ်စရာ မဟုတ်တာ ကပ်





နေပြန်ပါပြီ၊ ကဲ. . . မောင်ငယ် မင်းပဲ သွားလိုက်ကွာ"

မောင်ငယ် က ခေါင်းခါတယ်။ ဟုတ်တယ်လေ. . . သည်လောက် နေပူကျဲတဲကြီးမှာ ငါးမိုင်လောက် ခြေလျင် လျှောက်သွားဖို့ဆိုတာက လွယ်တာမှတ်လို့။ ဒီတော့ . . .

"ဟာ. . . ဒီအိမ်မှာ အခုဆို အစ်ကိုကြီးက အသက်အကြီးဆုံးဖြစ်သွားပြီ၊ အစ်ကိုကြီး အဘအရာ. . . တဲ့၊ ကိုကြီးပဲသွားရမှာပေါ့"

မောင်ကြီး ကို လွှဲချလိုက်တယ်။ မောင်ကြီးကလည်း ပျင်းပျင်းနဲ့ တိုင်ကိုမှီပြီး . . .

"အေး. . . ကောင်းတယ်၊ အခု ငါက ဒီအိမ်ရဲ့ အုပ်ထိန်းသူဖြစ်သွားပြီ၊ ဒီတော့ ငါပေးတဲ့ အမိန့်အတိုင်းလုပ်ကြ၊ ကဲ . . . မောင်လတ် မင်းပဲ သွားပို့ပေတော့"

"ဟာ . . ကျွန်တော် မလုပ်နိုင်ဘူးဗျာ၊ ရှင်းရှင်းပဲပြောမယ်၊ အသုဘပို့တုန်းက ကုန်တဲ့အရက်ဖိုးကို ကျွန်တော်က ပေးထားရတာနော် . . .၊ ဒါပဲ. . . ကိုကြီးနဲ့ မောင်ငယ်အဖို့ ဒီ ပန်းလေး သွားပို့ရတာက ပိုက်ဆံကုန်တာလည်း မဟုတ်၊ အများကြီး တော်သေးတာပဲ. . . သွားသင့်ပါတယ်"

မောင်ငယ် က ဆတ်ခနဲ ခေါင်းထောင်လိုက်ပြီး . . .

"ဟာ. . . ဒီလိုပြောကြေးဆို ကိုတိုးကြီး အသည်းအသန် ဖြစ်နေတုန်းက ကျွန်တော် ပြုစုရတာဗျ၊ အဲဒီတုန်းက အစ်ကိုတို့ လျှောက်လည်နေတာနဲ့ မူးနေတာနဲ့ ကိုတိုးကြီးနား ဘယ်သူကပ်လို့လဲ . . .၊ ကျွန်တော် အနစ်နာခံခဲ့ရတာတွေ ထည့်တွက်ပါဦး"

မျိုသိပ်ထားရတဲ့ မကျေနပ်ချက်တွေ မောင်ငယ့် ပါးစပ်က နေ



www.burmeseclassic.com

www.burmeseclassic.com



တအိအိ ပြိုကျလာလေရဲ့။ မောင်ကြီးကလည်း . . .

"ဘာလဲကွာ. . . ဖဲထုပ် နဲ့ ကွာစိလျှော် ဝယ်ဖို့ဆိုပြီး ငါ့အိတ်ထဲက ပိုက်ဆံတွေ မင်းတို့ နှိုက်သွားတာကိုကော မေ့ပစ်လိုက်ကြပြီလား"

"စိန်သရဖူ ဆေးပေါ့လိပ် နှစ်စည်း က ကျွန်တော် ဝယ်တာဗျ"

"ဘုန်းကြီးထိုင်ဖို့ အခင်း ချုပ်ပစ်လိုက်တာကိုရော. . . ဘာပြောကြဦးမလဲ. . . အဲဒါ ကျွန်တော့် ပုဆိုးအသစ်ကြီးဗျ"

ငြင်းရင်းခုံရင်းနဲ့ သူ့ဟာ ငါ့ဟာတွေ ပြော မဆုံးကြတော့ဘူး။ ဒါနဲ့ပဲ နောက်ဆုံးကျတော့ မောင်ကြီးက . . .

"ကဲကွာ. . . ခုချက်ချင်းသွားဖို့ မလိုသေးပါဘူး၊ အခုမှ နေ့ခင်းကြောင်တောင်ကြီး ရှိသေးတာပဲ၊ နေကလည်း ပူလိုက်တာ၊ ခရီးကလည်း အဝေးကြီး၊ ဒီတော့. . . ညနေခင်း နေအေးမှ အေးအေး ဆေးဆေး သွားပို့ရင် မကောင်းဘူးလား"

အားလုံးက အားရဝမ်းသာ သဘောတူပစ်လိုက်ကြတယ်။ ပြီးတော့ မောင်လတ် က အိမ်နောက်ဘက် မြေကြီးထဲမှာ မြှုပ်ထားတဲ့ အရက်နှစ်ပုလင်းကို သွားဖော်ပြီး ယူလာတယ်။ အသုဘ ဖဲဝိုင်းတွေကနေ အကောက်ရထားတဲ့ ပိုက်ဆံကလည်း နည်းနည်းပါးပါး ကျန်သေးတော့ အမြည်းတွေ ဘာတွေနဲ့ စိုစိုပြည်ပြည်ပါပဲ။

နောက်တော့. . . သုံးယောက်စလုံး မူးပြီး အိပ်ပျော်သွားကြတယ်။

●





(၄)

ဘယ်လောက်ထိ အိပ်မောကျသွားကြသလဲဆိုရင် သူတို့ သုံးယောက်စလုံး အိပ်ရာက နိုးလာတဲ့အချိန်မှာ ညနေစောင်းကို အတော်လွန်ပြီးလို့ မိုးစုပ်စုပ်ချုပ်နေပြီ။

မှောင်လို့ . . . မည်းလို့ . . .။ အဲဒါမှ ပိုဆိုးတော့တာပဲ။ ညမှောင်မှောင်မည်းမည်းထဲ ဘယ်သူက သချိုင်းကုန်းကို သွားချင်မှာလဲ။ အချင်းချင်း ပြောရကောင်းနိုး မပြောရကောင်းနိုး နဲ့ ဒီ နှင်းဆီပန်းတို့စွကို ပြန် စကားစဖော်ဖို့ ခက်နေကြတယ်။

ဒီလိုနဲ့ အတော်လေးကြာသွားတော့ မောင်ကြီးက အိမ်တိုင်ကို ပျင်းရိပျင်းတွဲမှီရင်း သူ့ဘာသာသူ တစ်ယောက်တည်း ပြောသလိုလို ဘာလိုလိုနဲ့ . . .

"ဗုဒ္ဓတရားတော်အရတော့ လူဟာ သေပြီးရင် ဝိညာဉ်ချုပ်ပြီး စိတ်ရောရုပ်ရော ပြတ်စဲသွားတာပဲကွ၊ သူ့ရဲ့ကုသိုလ်၊ အကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



အတူနဲ့. တခြားဘ၀မှာ ပဋိသန္ဓေစိတ် က ချက်ချင်း သွားဖြစ်တာ၊ ဒီတော့ ဝိညာဉ် ခေါ်တာတို့၊ ပြန်ပို့တာတို့၊ ဘာတို့ဟာ သိပ်အဓိပ္ပာယ် မရှိလှပါဘူးကွာ၊ ပြန် မပို့လည်း ဖြစ်တာပါပဲ”

မောင်ငယ်ကတော့ ပြီး. . . ပြီးရော ဆိုပြီး ရေယောင် ခေါင်း ညိတ်ပစ်လိုက်တယ်။ စိတ်တိုနေတဲ့ မောင်လတ်ကတော့ . . .

“ရတယ်လေ. . . ပြန် မပို့နဲ့၊ အဲဒီတော့ ဒီ နှင်းဆီပန်းကို ကိုတိုးကြီး အခန်းထဲ ထည့်ထားလိုက်ကြတာပေါ့”

မောင်ကြီး တွန့်သွားတယ်။ ကျောထဲ စိမ့်ခနဲ ဖြစ်သွားတယ် တောင် ထင်လိုက်မိသေး။ သူက ကမန်းကတန်း နဲ့. . . .

“အဲ. . . ဒီလိုလဲ ဘယ်ဟုတ်ဦးမလဲ၊ ငါ့အခန်းထဲတော့ အထည့် မခံနိုင်ဘူးကွ”

“ဒါဆိုလည်း ဒီ ပန်းကို မောင်ငယ့် အခန်းထဲ ထည့်ထားလိုက်ဗျာ၊ ကိုတိုးကြီးက ညီအစ်ကိုတွေ အားလုံးထဲမှာ မောင်ငယ့်ကို အချစ်ဆုံး မဟုတ်လား၊ နောက်ပြီး. . . ကိုတိုးကြီးရဲ့ နောက်ဆုံးအချိန်ထိ မောင်ငယ် တပဲ ကိုယ်ဖိရင်ဖိ ပြုစုခဲ့ရတာ၊ ဟုတ်တယ်လေ. . . သူကိုယ်တိုင် ဒီကိစ္စကို ခဏခဏ ဆိတ် အီးပေါက်သလို တဖွတ်ဖွတ်ပြောနေတာပဲ။ ဒီတော့ မောင်ငယ့်အခန်းထဲ ထည့်ထားလိုက်ပေါ့”

ဒီ စကားလည်းကြားရော မောင်ငယ် ရှုံ့ရှုံ့ရှားရှား ဖြစ်သွား တယ်။ နောက်မှ အတော်လေး ဣန္ဒြေဆည်လိုက်ပြီး . . .

“ဒီလိုလဲ မဟုတ်သေးဘူး အစ်ကိုတို့ရဲ့၊ ပဋိသန္ဓေ အသစ်ယူ တယ်ဆိုပေမဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ ဘုံတွေ





ရှိသေးတာပဲ၊ အဲဒီတော့ ပြိတ္တာဘ၀ (အဲ . . . လွယ်လွယ်ပြောရရင်) အစိမ်းသရဲဘ၀ ကို ရောက်နေတယ်ဆိုရင် အခုလို အိမ်မှာထားဖို့ ဘယ် သင့်တော်ပါ့မလဲ၊ တစ်နေရာရာကို သွားထားပစ်သင့်တာတော့ အမှန်ပဲ၊ အစ်ကိုတို့ ယောမင်းကြီး ဦးဘိုးလှိုင် ရေးတဲ့ တစ္ဆေတ္တဒီပနီ ကို မဖတ်ဖူး ဘူးနဲ့ တူတယ်”

မောင်ငယ် ခပ်တည်တည် နဲ့ စွတ် ပြောချပစ်လိုက်တယ်။ တကယ်တော့ သူလည်း မဖတ်ဖူးပါဘူး။ ဒါပေမဲ့ ယောမင်းကြီး ဦးဘိုးလှိုင် ရေးတဲ့စာဆိုတော့ အဲဒီစာအုပ်အရှိန်အဝါနဲ့ သူပြောချင်ရာပြောထားတဲ့ စကားတွေကို ဘယ်သူမှ ငြင်းရဲမှာမဟုတ်ဘူး ထင်လို့ပေါ့။ ဒါပေမဲ့ မရပါဘူး။ မောင်ကြီးက . . .

“ညီက ငယ်သေးတာကိုးကွာ၊ ဒီတော့. . . ကုက္ကိုပင်တောရ ဆရာတော်ကြီးရဲ့ စာအုပ်ကို ဘယ် ဖတ်ဖူးရှာဦးမလဲ၊ အဲဒီ စာအုပ်ထဲမှာ ရက်လည်ဆွမ်းသွတ် လို့ အမျှဝေလိုက်ရင် သေဆုံးသူက သာဓုခေါ်လိုက် တဲ့အခါ ကောင်းရာမွန်ရာ ဘ၀ကို ရောက်သွားတယ်လို့ ပါတယ်၊ ငါတို့ လည်း မနက်က ဆွမ်းသွတ် အမျှဝေပြီးပြီပဲ၊ ခုဆို ကိုတိုးကြီး ကောင်းရာ မွန်ရာကို ရောက်သွားလောက်ရောပေါ့”

အမှန်က ကုက္ကိုပင်တောရ ဆရာတော်ကြီးဆိုတာလည်း မရှိပါ ဘူး။ အဲဒီ ဆရာတော်ကြီးရေးတဲ့ စာအုပ်ဆိုတာတော့ ဝေးရော။ မောင်ကြီး က ကိုးကားစရာ စာအုပ် မရှိလို့ အကျပ်ရိုက်နေတုန်း အိမ်ခေါင်းရင်းက ကုက္ကိုပင်ကြီးကိုလည်း လှမ်းမြင်လိုက်ရော ပါးစပ်ထဲ တွေ့ကရာ ကုက္ကိုပင် တောရ ဆရာတော်ကြီး ဆိုပြီး လုပ်ပစ်လိုက်တာ။ ပြီးတော့ မနက်တ



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းသွတ်မှာ ဘုန်းကြီးဟောတဲ့ တရားထဲက နားစွန်နားဖျားကြားလိုက်တဲ့ အတိုအစတွေရယ် သူပြောချင်တာတွေရယ် စုပေါင်းစပ်ပေါင်းချုပ်သိပြီး ဆရာတော်နာမည်တပ်လိုက်တာပဲ။

မောင်လတ်ကလည်း ဘယ်ခေလိမ့်မတုံး။

"ကိုကြီးက စာ ကို နှံ့နှံ့စပ်စပ် မဖတ်လို့ပါ။ တကယ်တော့ အဲသလို အမျှဝေရုံနဲ့ သာဓုခေါ်လို့ လွယ်လွယ်လေး ဖြစ်နိုင်တာ မဟုတ်ဘူးဗျ။ ခေါ်နိုင်လောက်တဲ့ ကုသိုလ်ရှိမှ၊ ဘေးမှာရှိတဲ့ တခြားတစ္ဆေတွေတလည်း အဲဒီ သက်ဆိုင်တဲ့လူ သာဓု မခေါ်နိုင်အောင် ဆွဲလားပြုလားနဲ့ အမျိုးမျိုးနှောက်ယှက်တာ၊ ကျွန်တော်ပြောတာ မယုံရင်. . . အဲ. . . ဟိုဒင်း ဘုရားဟောတဲ့. . . ဟိုဒင်းဗျာ. . . အာဋာဝကသုတ္တန်မှာ ကြည့်"

မောင်ငယ်က ဟင်း. . . အာဋာဝက သုတ္တန်တဲ့. ။ တစ်ခါမှလည်း မကြားဖူးဘူးလို့ ခပ်တိုးတိုးပြောရဲ့။ ပါးစပ်ထဲရှိရာနာမည်ကိုရမ်းတုတ်လိုက်ရတဲ့ မောင်လတ်ကတော့ မျက်နှာ အထားရခက်သွားတယ်။ ဒါပေမဲ့ ခပ်တည်တည်နဲ့ပဲ. . . မင်းက ငယ်သေးတာကိုး ညီလေးရဲ့. . . လို့ မဆီမဆိုင် သူနိုင်ရာ အသက်နဲ့ဖိချလိုက်တယ်။ ဘုရားဟောစကားဆိုတော့ ကျန်တဲ့ လူတွေအဖို့ ငြင်းရခက်သား။ အဲဒီမှာ မောင်ကြီးက . . .

"အေး. . . အတော်ပဲကွ၊ ဘုရား ဆိုမှ သတိရတယ်၊ ငါတို့ ဒီပန်းကို သင်္ချိုင်းကုန်းမှာ သွား မပစ်ဘဲ ဘုရား ပရဝုဏ်ထဲ သွားထားရင် မကောင်းဘူးလား၊ ကုသိုလ်ကောင်းမှု အမြဲမပြတ်တဲ့ မြေဆိုတော့ ကိုတိုးကြီးအဖို့ အထောက်အပံ့ဖြစ်နိုင်တယ်။ ကုသိုလ်စိတ် ပွားများပြီး





ကောင်းရာမွန်ရာ ရောက်သွားနိုင်တယ်။ ဘယ့်နှယ်လဲ"

အမှန်ကတော့ သူတို့အိမ်က ရွာဦးဘုရားနဲ့နီးတာကိုး။ ငါးမိနစ်လောက် လျှောက်လိုက်ရင် ရောက်ပြီပဲ။ သက်သာတာပေါ့။ နောက်ပြီး သရဲကြောက်စရာအကြောင်းလည်း မရှိဘူးလေ။ ဒါပေမဲ့ မောင်ငယ်က . . .

"မကောင်းဘူး ထင်တယ်။ ဘုရားဝတ္တကမြေ ကို စောင့်ရှောက်တာက နတ်ကောင်းနတ်မြတ်တွေ၊ ကိုတိုးကြီး ကို လက်ခံမှာ မဟုတ်ဘူးထင်တယ်၊ မောင်းထုတ်လိုက်ရင်ဖြစ်ဖြစ်၊ ဒဏ်ခတ်လိုက်ရင်ဖြစ်ဖြစ် ကိုတိုးကြီး နေစရာပျောက်ပြီး ဒုက္ခရောက်နေပါ့မယ်"

"ဒါဆို ရေထဲမျှောလိုက်မယ်ကွာ၊ အေးချမ်းတာပေါ့"

"ဟာ. . . ငါးတွေဘာတွေစားလိုက်ရင် ငါးဗိုက်ထဲ ရောက်သွားပြီး မတော်လို့ ဝင်စားရမယ်ဆိုရင် ကိုတိုးကြီး နောက်ဘဝမှာ ငါးဖြစ်နေမှာပေါ့"

အားလုံး ငြိမ်ကျသွားကြပြန်တယ်။ ဟင်း. . . ဒီ နှင်းဆီပန်းကတော့ အပျက်အပျက် နဲ့ နှာခေါင်းသွေး ထွက်နေပြီ။ အတော်ကြီးကြာမှ မောင်ကြီးက သက်ပြင်းတစ်ချက် လေးလေးပင်ပင် မှုတ်ထုတ်လိုက်ပြီး . . .

"တကယ်တော့ သေခြင်းရဲ့နောက်ကွယ်မှာ ဘာရှိတယ်ဆိုတာ ဘယ်သူမှ သိကြတာမဟုတ်ဘူး"

တဲ့. . .။ ဒီစကားကို ငါမဂ္ဂဇင်းတစ်စောင်ထဲမှာ ဖတ်ဖူးတယ်။ အမေရိကန်ဒဿနဆရာကြီး ဂျွန်ဂျူဝီ ဆိုတဲ့လူက ပြောတာကွ၊ Pragmatism



www.burmeseclassic.com

www.burmeseclassic.com



ရောမ်မက်တစ် ဝါဒီ ဇွန်ဂျူဝီ လို့ ရေးထားတာကို သေချာ မသိတော့ ကြားဖူးနားဝ စာလုံးနဲ့ရောပြီး ပရမတ္တဆရာကြီး လို့ ပြောချလိုက်တာ။

မောင်လတ်ကလည်း . . .

“ဘယ်လိုပဲဖြစ်ဖြစ်လေ . . . သိသိ မသိသိ ထုံးစံရှိတဲ့ အတိုင်းတော့ လုပ်ရမှာပဲ”

“ထုံးစံဆိုတာ အမြဲထိန်းသိမ်းလုပ်ကိုင်သွားရမယ့်အရာ . . .”

လို့ ဂျပန်စာရေးဆရာကြီး ဂေါ်ဘာချော့ဗ် ရေးတာ ဖတ်ဖူးတယ်”

ဆိုဗီယက် သမ္မတဟောင်း လည်း မောင်လတ်နဲ့တွေ့မှပဲ ဂျပန်ပြည် ရောက်ပြီး စာရေးဆရာ လုပ်စားရတော့တယ်။ ဘာပဲဖြစ်ဖြစ်လေ။ ကိုးကားစရာ နာမည်တစ်ခုခုရရင် ပြီးတာပဲ။ ဟုတ်တယ်မဟုတ်လား။

“ကဲကွာ . . . ဒါဆိုရင် ငါတို့ ညီအစ်ကိုသုံးယောက် စလုံး အတူတူသွားကြရင် မကောင်းဘူးလား”

မောင်ငယ်က မျက်နှာကို မဲ့လိုက်တယ်။ သင်္ကြန်မှာ သူကြိုက်နေတဲ့ ဌေးကြည်မ ကို ရေ မလောင်းရလို့ ဒီအစ်ကိုနှစ်ယောက်ကို စိတ်နာနေတာကြာပြီလေ . . .။ ဒီတော့ . . .

“အမေရိကန် စစ်ဗိုလ်ချုပ်ကြီး ရာဇင်ဒြာနတ်တဂိုး ပြောတာ ကြားဖူးတယ်မဟုတ်လား၊ အသက်ကြီးတဲ့ ဦးဆောင်သူတွေဟာ အနစ်နာခံတတ်တဲ့ သူရဲကောင်းတွေပဲ . . . တဲ့၊ အဲဒီတော့ ကိုကြီးနဲ့ ကိုလတ်တို့ပဲ ဒီ ပန်းကို သွားပို့ကြပေါ့”

မောင်လတ် က ကမန်းကတန်း ထပြီး . . .





“ဟော့ . . . ဟော့ ငါ . . . သူရဲကောင်း မဟုတ်ဘူးကွ”

မောင်ကြီးမျက်နှာ မည်းပုပ်သွားတယ်။ ဒီအတိုင်းဆို ပြဿနာ က သူ့ခေါင်းပေါ် ကျနေပြီ။ ဒါနဲ့ . . .

“ဟော့ကောင်တွေ . . . ငါလည်း သူရဲကောင်း မဟုတ်ဘူးနော်”

မောင်ငယ်က . . .

“ဒါဆို အစ်ကိုတို့ နှစ်ယောက်စလုံးက (ကန်တော့ပါရဲ့ဗျာ) သောက်ပေါတွေချည်းပဲပေါ့”

ဝုန်းခနဲပဲ။ မောင်ကြီးက ဒေါသတကြီးနဲ့ ဘေးကသေတ္တာကို ထ ကန်ပစ်လိုက်တာ။ မောင်လတ် က အနားမှာရှိတဲ့ တံပိုး နဲ့ လှမ်းပစ် တယ်။ သွေးတွေ . . . သွေးတွေ . . . ဆိုတာ မောင်ငယ့်မျက်နှာမှာ ရဲရဲ တွတ်အောင် ဖြာထွက်သွားတာပဲ။ မောင်ငယ်က ထရံကြားညှပ်ထားတဲ့ ငှက်ကြီးတောင်ဓားကို ဆွဲနုတ်။ မောင်ကြီးက ခုန်အုပ်၊ နှစ်ယောက်သား လုံးထွေး၊ မောင်လတ် ပြေးကန်၊ မောင်ငယ်က လက်သီးနဲ့ထိုး၊ ဒူးနဲ့တိုက်၊ ရေအိုး ခွမ်းခနဲကွဲ၊ ပြတင်း ကဲလားတိုင်ကိုဖြုတ်၊ တအားလွှဲရိုက် . . . အော်သံ၊ သွေးရဲရဲ . . . သံရဲရဲ။

သုံးယောက်စလုံး ဝုန်းဒိုင်းကြဲနေကြတဲ့အချိန်မှာ . . .

“မီး . . . ဟော့ . . . မီး . . . မီးလောင်နေပြီ၊ အား . . . ကယ်ကြပါဦးဗျို့ . . . မီး . . . မီး . . .”

ဆူညံသွားတော့တယ်။ လုံးရင်း ထွေးရင်း ကြိတ်ရင်း မီးခွက်ကို ဘယ်သူ ကန်လိုက်မိတယ် မပြောတတ်ဘူး။ မီးခွက်က ထရံနားဆီ ရွှင့်စင်ကျ ဆီတွေမှောက်ပြီး ထရံကို မီးစွဲတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မီးဟော့. . . မီး. . . မီး. . . ဟော့ . . . ခေါင်မိုးကိုဖျက်ချ . . . ခေါင်မိုး. . . ဝုန်း. . . ဝုန်း. . . ဗွမ်း"

●

အရပ်က ကောင်းလို့သာပေါ့။ လူအင်အားနိုင်နိုင် နဲ့ ဝိုင်းပြီး ငြိမ်းကြသတ်ကြလို့ လုံးလုံး မီးသေသွားတဲ့အချိန်မှာ အိမ်တစ်ခြမ်းက ပြာကျသွားပြီ။

မောင်ငယ်က မျက်နှာတစ်ခြမ်း နဲ့ လက်တစ်ဘက် မီးနည်းနည်း လောင်သွားတယ်။ မောင်ကြီးလည်း ဒူးတစ်ဝိုက်မှာ မီးလောင်ထားတာ အကွက်လိုက်ကြီး. . .၊ တော်သေးတာပေါ့။ မောင်လတ်ကတော့ အိမ်ပေါ်က အချိန်မီ ခုန်ချလိုက်နိုင်လို့ မီးမလောင်ဘူး။ ဒါပေမဲ့ ခုန်ချတဲ့ အရှိန်နဲ့ ခြေချင်းဝတ်တော့ အဆစ် လွဲသွားတယ်ထင်တယ်။ မတ်တတ်တောင် ကောင်းကောင်း ရပ် မရချင်သလိုပဲ။

အဲ . . ခက်တာက . . .

နှင်းဆီပန်း ကို ရှာ မတွေ့တော့ဘူး။

မီးထဲပဲ ပါသွားသလား . . .

အရပ်က မီးဝိုင်းသတ်ကြတဲ့ လူတွေ နင်းကြပြုကြနဲ့ ကြေမွသွားသလား၊ တခြားကိုပဲ လွင့်စင်ပြုတ်ကျသွားသလား။

ရေပက်တဲ့အရှိန်နဲ့ ပါပြီး တခြားပဲ မျောသွားသလား၊ အပျက်အစီးတွေ မီးကျွမ်းပြာတွေကြားမှာပဲ ပိတ်ညှပ် ပိပြား ပျောက်ဆုံးသွားပြီလား မသိဘူး . . .။

●





(၅)

ပစ္စည်းတစ်ခုဆိုတာက ယူလာဖို့သာ လွယ်တာ၊ ပြန်ထားဖို့ကျတော့ ခက်တယ်လေ။ အထူးသဖြင့် မသာအလောင်း က နှင်းဆီပန်း လိုဟာမျိုးပေါ့။

ကိစ္စပြီးရင် ကိုယ့်နေရာကိုယ် ပြန်ပါမယ်လို့ ကတိတစ်လုံးနဲ့ လာတဲ့ လူတောင်မှ တကယ်တမ်း မပြန်တဲ့အခါ ဘယ်သူက ဘာပြောရဲလို့လဲ. . .။

ကောင်းတယ်. . . တစ်အိမ်လုံး မီးလောင်သွားတာပဲ ကောင်းတယ်။

အင်းပေါ့. . .။ နှင်းဆီပန်းက. . . ဟိုဒင်း. . . ဘယ်လိုဆိုရမလဲ. . .။ ပြန်ပို့ရဲလောက်အောင် တာဝန်ယူတတ်တဲ့ သူရဲကောင်းလို့တယ်လေ။ သောက်ပေါတွေချည်းပဲတော့ မဖြစ်ဘူးကိုး. . .။

အဲ . . . ခက်တယ်လေ . . .။

■



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် အလင်းဆိပ်

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



‘အစစ်အမှန် သစ္စာတရား’ ဆိုတာ ဘာလဲ ဟု ကျွန်တော် စဉ်းစားနေချိန်မှာပင် ကျွန်တော်၏ စာအုပ်များကို ခြစားသွားပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်များကို မီးရှို့ပစ်ရန် စိတ်ကူးနေစဉ် 'သူ' ရောက်လာသည်။ သူက . . .

"ဘာလုပ်နေတာလဲ"

ဟု ကျွန်တော့်ကို မေး၏။ ကျွန်တော်က စာအုပ်တွေကို မီးရှို့ပစ်တော့မည့်အကြောင်း ပြန်ပြောလိုက်သည်။

သူက . . .

"ဘာဖြစ်လို့လဲ"

"အစစ်အမှန် သစ္စာတရားကို ငါ မတွေ့ရလို့"

ဟု ကျွန်တော် ပြန်ဖြေလိုက်သည်။ သူက . . .

"ငါဆိုတာ ရှိနေသရွေ့တော့ အစစ်အမှန်သစ္စာတရားကို မြင်နိုင်မှာမဟုတ်ဘူး"

ကျွန်တော်က . . .





"ဒါဖြင့် . . . မင်းရော အစစ်အမှန်သစ္စာတရား ဆိုတာကို မြင်ဖူးပြီလား"

ဟု မေးလိုက်သည်။ သူကပြုံးပြီး . . .

" 'ငါ' တွေ . . . 'မင်း' တွေ ရှိနေသရွေ့တော့ အစစ်အမှန် သစ္စာတရားကို မြင်ရမှာမဟုတ်ဘူး"

●



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တစ်စုံတစ်ခု ကို စဉ်းစား လိုက်မိသောကြောင့် ထပ်မေးလိုက်၏။

"ဒါဖြင့် ငါဆိုတာ. . . မင်းဆိုတာ. . . မရှိရင်တော့ လောကရဲ့ အစစ်အမှန်တရားကြီးကို မြင်ရတော့မှာပေါ့ ဟုတ်လား"

သူက ကျွန်တော့်ကိုကျောခိုင်းပြီး ပြန်ဖို့ ခြေလှမ်းပြင်လိုက်သည်။ ပြီးတော့မှ ဖြေ၏။

"မင်းရော. . . ငါရော မရှိမှတော့. . . အဲဒီ အစစ်အမှန် တရားကြီးကို စောင့်ကြည့်မယ့်သူ ဘယ်သူရှိသေးလို့လဲကွာ"

■





# ကျွန်တော်၏ အခန်း



www.burmeseclassic.com

www.burmeseclassic.com



(၁)

အရက် အလင်းက မှုန်ပျပျသာ ရှိသေးသည်။ မြင့်မားသော အခန်းနံရံများ၊ ပြတင်းပေါက်ကျယ်ကျယ်များရှိသည့် အခန်းထဲတွင် နေရသည့်တိုင် ကျွန်တော့်စိတ်ကမလွတ်လပ်သလိုဖြစ်နေ၏။ ကြမ်းပြင်ပေါ်တွင် တင်ပျဉ်ခွေ ထိုင်နေရခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ဆရာဖြစ်သူကကျွန်တော်နှင့်ကျွန်တော့်မိတ်ဆွေတို့ နှစ်ယောက်လုံးကို စူးစူးစိုက်စိုက် ကြည့်နေခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ (သို့မဟုတ်) ထိုအကြောင်း နှစ်ခုစလုံးကြောင့်လည်း ဖြစ်နိုင်ပါသည်။

ကျွန်တော်က ဘေးတွင် ထိုင်နေသော မိတ်ဆွေဖြစ်သူကို ထိမသော လှမ်းကြည့်လိုက်၏။ သူကတော့ သက်သောင့်သက်သာ အမူအရာဖြင့်ပင်ရှိသည်။ ထိုစဉ် ဆရာဖြစ်သူက . . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . မင်းတို့ ဘာပြောချင်လို့လဲ"

ဟု မေးသည်။

ကျွန်တော့်မိတ်ဆွေက . . .

"ကျွန်တော်တို့ စိတ်ကို ဘယ်လိုထားရမလဲဆိုတာ သင်ပေးပါဆရာ"

ကျွန်တော်ကပါ ခေါင်းညိတ်ပြလိုက်သည်။ ကျွန်တော့် မိတ်ဆွေပြောသည့်အတိုင်းပါပဲ ဟု ဆိုလိုလိုက်ခြင်းဖြစ်၏။ ဆရာက . . .

"အေး. . . ကောင်းပြီလေ၊ မင်းတို့နှစ်ယောက် ငါ့နောက်လိုက်ခဲ့"

ပိတ်ထားသောအခန်းနှစ်ခန်းရှိရာထောင့်ဆီခေါ်လာပြီး ထိုအခန်းများ၏ သော့ကို ဖွင့်လိုက်၏။

နှစ်ပေါင်းများစွာ ကြာမြင့်သည့်အထိ အသုံးမပြုဘဲ ပစ်ထားသော အခန်းများဖြစ်သောကြောင့် ဖုန်များ၊ အမှိုက်များ၊ ပင့်ကူမျှင်များ၊ အိုမင်းကျိုးပျက်နေသည့် ပရိဘောဂပစ္စည်းအပိုင်းအစများ၊ လင်းနို့ချေးများဖြင့် ဖရိုဖရဲ ရှုပ်ထွေး ညစ်ပတ်နေသည်။

ဆရာက ကျွန်တော်တို့ကို 'တစ်ယောက်တစ်ခန်းစီ ဝင်ကြ' ဟု ခိုင်း၏။ နောက် . . .

"အရင်ဆုံး အဲဒီအခန်းတွေကို ဘယ်လိုထားရမလဲဆိုတာ စဉ်းစားပြီး သင့်တော်သလို လုပ်ကြည့်၊ ပြီးတော့မှ မင်းတို့ရဲ့စိတ်ကို ဘယ်လို ထားရမယ်ဆိုတာ ငါပြောပြမယ်"

●





(၂)

"ဒီအခန်းဟာ ငါ့ရဲ့ စိတ် ဖြစ်မယ်ဆိုပါစို့"

ဟု ကျွန်တော် တွေးလိုက်သည်။ နောက်တော့ အခန်းတစ်ခုလုံး သပ်သပ်ရပ်ရပ် ရှင်းလင်းပစ်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်၏။

●



www.burmeseclassic.com

www.burmeseclassic.com



(၃)

အသက်ကို ပြတ်တောင်းပြတ်တောင်း ရှူနေရသည်။ မောလွန်းသဖြင့် မျက်လုံးတွေ ပြာလာ၏။ ညနေစောင်းနေပြီ။ မနက်ကတည်းက အခုထိ မနားရသေး။ နံရံနှင့်မျက်နှာကြက်မှ အမှိုက်များ၊ ပိုးအိမ်များ၊ ပင့်ကူမျှင်များကို ခွာချခြင်း၊ တံမြက်စည်းလှည်းခြင်း၊ ရေဆေးပြီး ကြမ်းတိုက်ခြင်း၊ သုံး မရတော့သော ပစ္စည်း အတိုအစ များကို စုပုံမီးရှို့ပစ်ခြင်း စသဖြင့် ပြုပြင်စရာများကို ပြုပြင်၊ ရှင်းလင်းသင့်သည်များကို ရှင်းရင်းဖြင့် တစ်နေကုန်သွား၏။

နောက်ဆုံးတွင်အခန်းတစ်ခုလုံး လင်းသန့်ရှင်းစင်သွားသည်ကို ကြည့်ရင်း ကျွန်တော်ပီတိဖြစ်မိသည်။

"ငါ့မိတ်ဆွေရဲ့ အခန်းကကော"

ဖျတ်ခနဲ အတွေးပေါ်လာ၏။ ကူညီသင့်တာ ကူညီရအောင်





ဟု စိတ်ကူးပြီး အပြင်ထွက်ကာ သူ့အခန်းဆီ တစေ့တစောင်း လှမ်းကြည့်လိုက်သည်။

ပကတိ တိတ်ဆိတ်နေ၏။

ကျွန်တော် အံ့သြသွားသည်။ ကျွန်တော့်မိတ်ဆွေက ကြမ်းပြင်ပေါ်တွင် သက်သောင့်သက်သာဖြင့် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေ၏။ သူ့အခန်းက မနက်က မြင်ကွင်းအတိုင်း ဘာမှမပြောင်းလဲ။ ရှုပ်ပွပေကျံညစ်ပတ်လျက်သား။

ကျွန်တော့်စိတ်ထဲတွင် ဝေဒနာ တစ်စုံတစ်ရာ ခံစားလိုက်ရသလိုလိုရှိသည်။ သက်သောင့်သက်သာ ထိုင်နေနိုင်သော သူ့ကိုကြည့်ရင်း မောပန်းနွမ်းနယ်နေသည့် ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ငုံ့ကြည့်ဖြစ်၏။

နောက် သန့်စင်ရှင်းလင်းနေသည့် ကျွန်တော့်အခန်းကို ငေးကြည့်နေဖြစ်ပြန်တော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



(၄)

မှောင်ရီပျိုးစတွင်ကျွန်တော့်ဆရာရောက်လာသည်။ ကျွန်တော့်အခန်းနှင့် ဟိုဘက်အခန်းကို နှိုင်းယှဉ်ကြည့်ပြီး ကျွန်တော့်ကို ချီးကျူးလိမ့်မည်ဟုမျှော်လင့်ထားမိသည်မှာတိတိကျကျပင် မှားယွင်းသွားခဲ့လေသည်။

ဆရာက အခန်းများ ဘက်ဆီ မျက်လုံးပင် ဝေ့မကြည့်ပါ။ ခပ်လှမ်းလှမ်းမှနေ၍ . . .

'အခန်းတွေကို ပိတ်လိုက်၊ ပြီးရင် . . . သော့တွေကို လွှင့်ပစ်လိုက်တော့' ဟု ပြောပြီး ပြန်လှည့်ထွက်သွားသည်။

နောက်လည်း ဘာတစ်ခွန်းမှ ထပ်မပြောတော့။

●





(၅)

ကျွန်တော့်စိတ်တွေ ရှုပ်ပွ ညစ်ပတ်နေသည်။ အခန်းတွေအကြောင်း ဆရာ ဘာများပြောမလဲ၊ ဘာများပြောမလဲဟူသည့် အတွေးဖြင့် ကျွန်တော် နေမရ၊ ထိုင်မရ ဖြစ်နေ၏။ ကျွန်တော့် မိတ်ဆွေကတော့ ထုံးစံအတိုင်း သက်သောင့်သက်သာပင်။

သူရော ဆရာပါ အခန်းတွေအကြောင်း မေ့နေကြပြီ ထင်၏။ သောကရောက်နေသူမှာ ကျွန်တော်တစ်ယောက်တည်း။

အခန်းကို သန့်စင်သွားအောင် အမှိုက်များကို တပင်တပန်းလှဲကျင်း ရှင်းလင်းပေးသည့် ကျွန်တော့် အားထုတ်မှုကိုတော့ ချီးကျူး အသိအမှတ်ပြုသင့်သည် မဟုတ်လား။

ဒါမှမဟုတ် . . . ညစ်ပတ်နေသည့် အခန်းကို ဒီအတိုင်း ထားပြီး (ပျင်းရိပျင်းတွဲပင် ဖြစ်ကောင်းဖြစ်နိုင်သည်) ရေသာခိုနေသည့် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆွေကို ဆုံးမ အပြစ်တင် ဝေဖန်သင့်သည်ဟု ကျွန်တော် ထင်သည်။

အခုတော့ ဆရာက တိတ်ဆိတ်လွန်းလှ၏။

ငါးရက်ခန့် ကြာပြီးသောအခါ ကျွန်တော် ထို တိတ်ဆိတ်မှုကို သည်းမခံနိုင်တော့။ ကိုယ်ကစပြီး စကားအစ ဖော်ပေးလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ နောက် ဆရာ့ဆီသွားကာ . . .

"ဆရာ စိတ်ကို ဘယ်လိုထားရမလဲဆိုတာ သင်ပေးမယ်ဆို"

ဆရာက တည်ငြိမ်စွာ ပြုံးလိုက်ပြီး . . .

"သင်ပေးပြီးပြီလေကွာ"

ဟု ဖြေကာ ရှုပ်ပွနေသောကျွန်တော့် စိတ်ကို တည့်တည့် ဖောက်ပြီး ကြည့်လိုက်၏။ ကျွန်တော် သက်ပြင်းတစ်ချက်ချဖြစ်သည်။

●





ကျွန်တော့်စိတ်ထဲတွင် ညစ်ပတ်ရှုပ်ပွနေသော အရာများမှာ ကျွန်တော်လှဲ့ကျင်းမီးရှို့ခဲ့ပြီးပြီဖြစ်သောအခန်းထဲမှ အမှိုက်များ ဖြစ်ပါသည်။

ကျွန်တော်က. . .

ကိုယ့်ကို ချီးကျူးဂုဏ်ပြုတာ ခံချင်သည်။

သူများကို အပြစ်တင် ဝေဖန်ချင်သည်။

●



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ခုစလုံးသည် အမှိုက်များဖြစ်ကြ၏။

●





ကျွန်တော်က အခန်းထဲမှ အမှိုက်များကို ရှင်းလင်းပစ်ခဲ့၏။ သို့သော်. . . အမှိုက်များက ကျွန်တော့်နှလုံးသားထဲသို့ ရောက်လာခဲ့ကြလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



# တစ္ဆေတစ်ကောင်ရဲ့ သေတမ်းစာ

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(၁)

တစ္ဆေတွေဟာ သူတို့ရဲ့ မှတ်ပုံတင်ကဒ်ပြားတွေကို လွှင့်ပစ်လိုက်ကြတယ်။

သိပ်ကြေကွဲဖို့ကောင်းတယ်၊ ကြည့်စမ်း. . . တစ္ဆေတွေ တစ်ကောင်နဲ့တစ်ကောင် ဆုံမိတဲ့အခါမျိုးဆိုရင် ကိုယ့်မျက်နှာကိုယ် လက်ညှိုးထိုးပြီး 'ငါ. . . ဘာကောင်လဲ' 'ငါ. . . ဘာကောင်လဲ' လို့ အချင်းချင်းအေး. . . မေးနေကြတာ။

မည်းမှောင်အေးစက်နေတဲ့ ချောက်ချားမှုတွေ တဝုန်းဝုန်းမြိုတယ်၊

ကျပ်ညပ်နေအောင် ပိတ်ဆို့ပစ်လိုက်သလို ခံစားနေရ မှုဆောင့်ကြီးအောင့်ကြီး ဖွာရှိုက်လိုက်တဲ့ စီးကရက်လိုမျိုးပေါ့။ တစ္ဆေတွေရဲ့ အဝတွေ တရှဲရှဲ တိုဝင်သွား။

မီးရဲရဲတွေ ဘဝတွေ. . . ဘယ်တော့ အစီခံ ရောက်လေမလဲ။



www.burmeseclassic.com

www.burmeseclassic.com



သတ္တိရှိရှိ ကြောက်လန့်နေရှာ. . .

တစ္ဆေတွေ. . .

တကယ်ပြောတာပါ။ တစ္ဆေတွေ ဘာဖြစ်သွားတာလဲဆိုတာ မပြောခင် လူနှစ်ယောက်အကြောင်း အရင် မိတ်ဆက်ပေးထားဖို့တော့ လိုမယ်ထင်တယ်။

တကယ်ပါ. . . တစ္ဆေတွေရဲ့အိပ်မက်ကို ဂျူတီ လဲပေးခဲ့တာ သူတို့ နှစ်ယောက်ပေါ့။ ဒါကြောင့် ဒီဇာတ်လမ်းမှာ သူတို့နှစ်ယောက်က သိပ်အရေးကြီးတယ်။ အင်း. . . မတော်တဆ အရေးကြီးသွားလိုက်ပုံများ မတော်တဆထက်တောင်မှ ပိုပြီး မတော်တဆ ဖြစ်နေသေးတော့ရဲ့။

သူတို့နှစ်ယောက်က ဘယ်လိုက ဘယ်လိုတွေ့ဆုံပြီး မိတ်ဆွေ ဖြစ်လာခဲ့ကြသလဲဆိုတဲ့ မေးခွန်းကိုတော့ မမေးနဲ့ မသိဘူး။ ဟုတ်တယ် . . . သူတို့နဲ့ပတ်သက်လို့ အစောပိုင်းက အဖြစ်အပျက်တွေကို သိတဲ့သူ တစ်ယောက်မှ မရှိပါဘူး။

သူတို့ဆိုတာ. . . ပေါ်ဦး နဲ့ ဘဒုတ်။

●





(၂)

ပြောရဦးမယ်. . . ပေါ်ဦး က သိပ်ကို ခေါင်းကောင်းတဲ့အကောင် စဉ်းစားတွေးခေါ်တတ်တာကို ပြောတာပါ။ ဘယ်လို ကိစ္စမျိုးနဲ့ ပတ်သက် သို့မဆို သူ ကောင်းကောင်းနဲ့စပ်တယ်။ ကျွမ်းကျင်တယ်။ တွေးတတ် ခေါ်တတ် ဆင်ခြင်တတ်တယ်။ သူသုံးသပ်လို့ရတဲ့အဖြေ၊ ချလိုက်တဲ့ ဆုံးဖြတ်ချက်ဆိုတာ ဘယ်တော့မှ မှားတယ်လို့မရှိဘူး။ အဲ. . . စဉ်းစား တဲ့အခါ နည်းနည်းပါးပါး အချိန်တော့ ယူရတာပေါ့လေ။

တစ်ခုပဲ ဝမ်းနည်းစရာကောင်းတာက. . . သူဟာ မျက်စိရော နားပါ မှုက်စီးနေတဲ့ ဒုက္ခိတတစ်ယောက် ဖြစ်နေရတာပါပဲ။ ဟုတ်တယ် . . . ပေါ်ဦး ခမျာ မျက်စိကန်းနေရှာရဲ့။ နားကတော့ လုံးလုံးမကြားရုံ မကယ်ပဲ၊ အတော်ကြီး အော်ပြောနိုင်မှကြားရတာ။

●



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်က. . . ဘဒုတ်။

ဟာ. . . ဒီကောင်ကတော့ မျက်စိရော နားရော ကောင်းသလား မမေးနဲ့။ အေးလေ. . . ကောင်းလို့လည်း သူက ဦးဆောင်ပြီး တွဲသွား တွဲလာ ခေါ်နိုင်တာပေါ့။ နို့မဟုတ်ရင် နှစ်ယောက်စလုံး ဒုက္ခရောက်ရချည်ရဲ့။ အင်း. . . အခုလည်း တစ်ခါတစ်ခါ နည်းနည်းပါးပါးတော့ ဒုက္ခရောက်တာပါပဲ။ ဟုတ်တယ်. . . ဘာဖြစ်လို့လဲဆိုတော့ ဒီဘဒုတ် ဆိုတဲ့ကောင်က ဦးနှောက်ဆိုလို့တစ်ရွေးသားမှရှိတာ မဟုတ်ဘူး။ လုပ်လိုက်မှဖြင့် အကုန်လုံး တလွဲတွေချည်း။ သူများပြောရင် ပြောသမျှ ယုံတယ်။ ခိုင်းသမျှလုပ်တယ်။ ကဲ. . . ဒီလိုကောင်ကလည်း လောကမှာ ရှိသေးရဲ့။

တစ်ခုတော့ရှိတယ်. . . ဒီကောင်က ပေါ်ဦးကိုတော့ အားကိုးရကောင်းမှန်း သိသား။ ပေါ်ဦး ကို ပြောပြတိုင်ပင်တယ်။ ပေါ်ဦး အကြံပေးတဲ့အတိုင်း လိုက်နာတယ်။ ဘာပဲဖြစ်ဖြစ် ပေါ်ဦးက ဖြူရင်ဖြူပဲ၊ ပေါ်ဦးက မည်းရင်မည်းပဲ။

ပေါ်ဦးကလည်း ဘာမှ မမြင်ရ မကြားရရှာလေတော့. . . အဲဒီကောင် ဘဒုတ် ကိုပဲ လက်ကသုံးတောင်ဝှေး လုပ်ပြီး ဟိုနားသည်နား သွားလာလုပ်ကိုင်နေရတာ။ ဘဒုတ်က မြင်သမျှ ကြားရသမျှ ပြောပြ၊ ပေါ်ဦး နားထောင်ပြီး အဖြေထုတ်။

သွားချင်လာချင်ရင် ဘဒုတ် က ပေါ်ဦးကို တွဲခေါ်. . .။ အင်း. သူတို့နှစ်ယောက်အဖို့ အဆင်ကတော့ပြေသား။

●





(၃)

အင်းပါ. . . ဥပမာ ပြောပြမယ်လေ. . . ဒီလို. . .။

တစ်ည ပေါ်ဦး နဲ့ ဘဒုတ် လမ်းလျှောက်လာကြတယ်။ပေါ်ဦးရဲ့ လက်ကို ဘဒုတ် က ဆွဲလို့။

ပေါ်ဦးခမျာလည်း စမ်းစမ်း . . . စမ်းစမ်း။ ဘဒုတ်က ဟိုကြည့်သည်ကြည့်။ သည်ကြားထဲ ပေါ်ဦးက မေး. . . သူက ပြန်ဖြေနေသေး။ နှစ်ယောက်စလုံးအဖို့ မသက်သာရှာပါဘူး။ အဲ. . . အဲဒီအချိန်မှာ ဘဒုတ်က . . .

"ဟော့ကောင် ပေါ်ဦး . . . ငါတို့ဆီကို သတ္တဝါတစ်ကောင် ပြေးလာနေတယ်ကွ"

ပေါ်ဦး စဉ်းစားရပြီ။ အင်း. . . အချက်အလက် စုံလင်အောင် ဘဒုတ် ကို ပြန်မေးရမှာပဲ။

"ဘယ်လိုအကောင်မျိုးလဲကွ. . . ပြေးလာတာ၊ ကော်တော် ဖြန်



www.burmeseclassic.com

www.burmeseclassic.com



လား"

"အေး. . . မြန်သားကွ၊ ဒီကောင်ကကွာ . . . ဟိုဒင်း. . . သိပ်အကောင်ကြီးကြီးတော့ မဟုတ်ဘူး၊ ခပ်ရွယ်ရွယ်ပဲ။ အရောင်ထွက်နေတဲ့ မီးလိုအလုံးကြီးနှစ်လုံး ကိုင်လာတယ်"

ပေါ်ဦးအဖို့တော့ တွေးလေ နက်ရှိုင်းလေ ဖြစ်နေပြီ။

"အဲဒီ အလုံးနှစ်လုံးက တစ်ညီတည်း တစ်ရွယ်တည်းပဲလား၊ နောက်ပြီး ဘာအရောင်ရှိလဲ"

"တစ်ညီတည်းပဲကွ၊ အရောင်က အဝါရောင်"

ပေါ်ဦးက ဆက်မေးလေရဲ့။

"အခုလိုပြေးလာတုန်း ဒီ အလုံးနှစ်လုံးရဲ့ အချင်းချင်း အကွာအဝေး က ပြောင်းလဲမှုရှိလား၊ အရင်က အကွာအဝေး အတိုင်းပဲလား"

"အရင်အတိုင်းပဲကွ၊ ဟော. . . ငါတို့ဆီ တည့်တည့် ပြေးလာနေပြီ'

"ဒီမယ်. . . ဘဒုတ်၊ ငါမေးတာကို သေသေချာချာ စဉ်းစားပြီး ဖြေစမ်း၊ အဲဒီကောင်က အော်တတ် အသံမြည်တတ်သလား"

"အေး. . . အခု အော်ရင်း ပြေးလာတာကွ၊ ဟော . . . ငါတို့ဆီ တည့်တည့်လာနေပြီ"

"ဘယ်လိုအော်သလဲကွ"

"တဗျီးဗျီးနဲ့ အော်လာတယ်၊ တစ်ချက်တစ်ချက်မှာလည်း တီတီ ပွမ်ပွမ် လို့ ထ အော်သေးတယ်"

ပေါ်ဦး လန့်သွားပြီး ငယ်သံပါအောင် ကြုံးအော်လိုက်လေရဲ့။

ကြောင်နှစ်ကောင်စာပေ



"ဟိုက်. . . ဘဒုတ် . . . ရှောင် . . . ရှောင်. . . နင့်မေကလွှား. . . အဲဒါ မော်တော်ကားဟဲ့"

"ဆောရီးပဲ. . . နည်းနည်းလေး နောက်ကျသွားတယ်၊ တော်သေးတာပေါ့၊ ကားသမားက အရှောင်မြန်လို့ တည့်တည့်ကြီး မတိုက်ဘဲ မော်တော်ကားနဲ့ ပွတ်ရုံပွတ်မိသွားတာ"

နှစ်ယောက်သား လမ်းဘေးမှာ ခွေခွေလေး လဲနေကြရှာလေရဲ့။

●

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(၄)

ဘဒုတ်က မျက်စိရော နားရောကောင်းတယ်။ သိပ်ကောင်းတယ်။ သေချာတယ်။ ပေါ်ဦးကလည်း သိပ်ကို ဦးနှောက်ကောင်းတဲ့ကောင်ပါ။ မယုံမရှိနဲ့။ ဒါပေမဲ့ . . . အဆက်အသွယ်တွေ အပြန်အလှန်လုပ်၊ ဆန်းစစ်ချက်တွေ ထုတ်နေရတာနဲ့ပဲ အဲဒီလို နောက်ကျသွားခဲ့ရပေါင်း မနည်းတော့ဘူးလေ။

●





(၅)

ကံကြမ္မာဟာအိပ်မက်တွေကို ဂျူတီလဲပေးတတ်တယ်။ ဟုတ်တယ် . . . စိတ်ကူးယဉ်ချင်စရာ ကောင်းလောက်အောင် ကံဆိုးတာလား . . . ပိုးစိုးပက်စက် ကံကောင်းတာလား မပြောနိုင်တဲ့ နေ့တစ်နေ့ဟာ တစ္ဆေတစ်ကောင်ကို ဖမ်းစားလိုက်လေရဲ့။

အဲဒီနေ့က အဲဒီတစ္ဆေဟာ လူနှစ်ယောက်ကို ခြောက်လှန့်ဖို့ ခွဲတမ်းကျတာဝန်နဲ့ သစ်ပင်တစ်ပင်ကို တွဲလောင်းခိုပြီး စောင့်ဆိုင်းနေခဲ့တာ။

လမ်းပေါ်မှာ တစ်ယောက်နဲ့တစ်ယောက်တွဲပြီး စမ်းတဝါးဝါးလာနေတဲ့ လူနှစ်ယောက်ကို တွေ့လိုက်ရတော့ တစ္ဆေ ဟာ သိပ်ပြီးဝမ်းသာသွားရော။ ဒါပေါ့ . . . လူတစ်ယောက်ချင်းစီကို စောင့်ပြီး နှစ်ခါခြောက်ရမှာထက်စာရင် တစ်ခါတည်းနဲ့ ကိစ္စပြီးအောင် အခုလာနေတဲ့ လူနှစ်ယောက်ကို ခြောက်လိုက်တာ ပို အဆင်ပြေမှာပဲ၊ သက်သက်



www.burmeseclassic.com

www.burmeseclassic.com



သာသာနဲ့ မြန်မြန်ဂျူတီပြီးမှာပဲလို့ တစ္ဆေက တွေးတာပေ့ါ။

သူနဲ့ တစ္ဆေဟာ ဖြန်းဆို လူနှစ်ယောက်ရဲ့ရှေ့ကို ခုန်ချလိုက်ပြီးတော့ သူ့ရဲ့ ကြောက်စရာကောင်းလောက်အောင် အမွေးအမှင်တွေ ထူထူရှည်လျားနေတဲ့လက်ကို ဆန့်ထုတ်လိုက်တယ်။ အဲဒါကိုမြင်တဲ့ ဘဒုတ်က. . .

"ဟော့ကောင်. . . ပေါ်ဦး. . . ငါတို့ရဲ့ရှေ့မှာ လူတစ်ယောက် လက်ပြပြီး ရပ်ခိုင်းနေတယ်"

ပေါ်ဦးက . . .

"ဟေ. . . ဟုတ်လား၊ အင်္ကျီအဖြူဝတ်ထားသလား၊ သူ့အင်္ကျီမှာ အိတ်ကပ်ကြီးကြီးပါသလားလို့ ကြည့်စမ်းကွာ၊ ပါတယ်ဆိုရင်တော့ အဲဒါ ဟိုဒင်း. . . ယာဉ်ထိန်းရဲပဲ"

"ဟင့်အင်း. . . မပါဘူးကွ၊ အင်္ကျီတောင်ဝတ်မထားဘူး၊ အတော်ဆင်းရဲပုံပေါ်ပဲ၊ တစ်ကိုယ်လုံးလည်း အမွေးအမှင်ကြမ်းကြမ်းတွေ ရှုပ်ပွလို့။ ဟော. . . ဟော. . . အစွယ်ကြီးနှစ်ချောင်း ထုတ်ပြနေပြန်ပြီ၊ အစွယ်တွေကလည်း ပြူးနေတာပဲ"

ပေါ်ဦးက စဉ်းစားလိုက်တယ်။ ပြီး. . .

"အင်း. . . ဆင်းရဲချင်ယောင်လည်း ဆောင်ထားတယ်၊ အစွယ်လည်းရှိတယ်ဆိုရင်တော့. . . ဒါ ကွန်မြူနစ်ပဲ"

"ဟာ. . . မျက်လုံးကြီးပြူးနေပြီ၊ ဟော. . . ဟော. . . လျှာပါ ထွက်နေပြီဟေ့"

"ဩော်. . . ဝန်ထမ်းဖြစ်မှာပေါ့ကွာ. . . "





တစ္ဆေကတော့မောနေပြီ၊ အတော်လည်း စိတ်ပျက်လာပြီလေ။ ဒါနဲ့ . . .

"ဟေ့. . . လူတွေ. . . ကျုပ် တစ္ဆေဗျ၊ ခင်ဗျားတို့ကို တစ္ဆေ ခြောက်နေတာ၊ ကြောက်ကြလေဗျာ"

ဘဒုတ် က ပေါ်ဦးဘက်လှည့်ပြီး တစ္ဆေဆိုတာ ဘာလဲကွ လို့ လှမ်းမေးတယ်။ ပေါ်ဦးကတော့ မေးစေ့ကိုပွတ်ပြီး စဉ်းစားရင်း . . .

"အင်း. . . တစ္ဆေဆိုတိုင်းအရမ်းယုံလို့တော့မဖြစ်ဘူးကွ၊ ဒီခေတ်ကြီးမှာ လူလိမ်တွေက အပေါသား၊ ကိုင်းကွာ . . . မင်း တစ္ဆေ ဖြစ်ကြောင်း ဘာ အထောက်အထားပြမလဲ"

တစ္ဆေ က ကြောင်သွားတယ်။ တစ္ဆေခြောက်တာ အထောက်အထားပြပြီး ခြောက်ရတယ်လို့ သူ တစ်ခါမှ မကြားဘူးတာ။ ဒါပေမဲ့ ခေါက်တဲ့နဖူး မထူးဘူးဆိုပြီး သူ့ရဲ့ တစ္ဆေမှတ်ပုံတင်ကဒ်ကို ထုတ်ပြတယ်။ ဘဒုတ် က ယူကြည့်ပြီး ပေါ်ဦးကို ပြန်ပြောပြတော့ ပေါ်ဦးက . . .

"ဟာ. . . ဘယ်ဖြစ်မလဲ၊ ငါကိုယ်တိုင်လည်း မြင်ရတာမဟုတ်ဘူး၊ နောက်ပြီး မှတ်ပုံတင်ကဒ် ဆိုတာလည်း အတု လုပ်လို့ရတာပဲ၊ ဝန်ထမ်းကဒ်လည်း ဒီလိုပဲ၊ ဝန်ထမ်းကဒ်အတုနဲ့ လိမ်နေတဲ့လူတွေ တစ်ပုံကြီး၊ အင်း. . . ဘဒုတ်ရေ. . . ဒီကောင့်ကိုကြည့်ရတာ သိပ် မသင်္ကာဘူး၊ မင်း သူ့ကို ဝင်လုံးပြီး မလှုပ်နိုင်အောင် ချုပ်ထားလိုက်စမ်းကွာ"

ဒီလိုနေရာမျိုးကျတော့ ဘဒုတ်တို့က သိပ် အားကိုးရတယ်။ ဖြန်းဆို ညာခြေတစ်လှမ်းတက် တစ္ဆေ ရဲ့ နောက်ဘက်ရောက်တာနဲ့ တစ်ပြိုင်နက် တစ္ဆေရဲ့လက်ကို နောက်ပြန် လိမ်ဆွဲပြီး သူ့ကိုယ်နဲ့ အဟောင်း

www.burmeseclassic.com



ဖိအပ်ချုပ်ထားလိုက်ရော။

တစ္ဆေကတော့ ယက်ကန်ယက်ကန် နဲ့ ဘဒုတ်ရဲ့ လက်ထဲမှာ၊ မျက်နှာငယ်လေးနဲ့. . . မလုပ်ပါနဲ့ဗျာ. . . လွှတ်ပါ၊ ကြောက်ပါတယ်၊ တောင်းပန်ပါတယ်ဗျာ၊ လွှတ်ပေးပါနော်. . . စုံနေတာပဲ. . . တတွတ်တွတ်နဲ့ ခဲယယပြောရှာလိုက်တာလေ. . .။

ပေါ်ဦး က ခေါင်းကို ဖြည်းဖြည်းချင်း ခါလိုက်ပြီးတော့ . . .

"ကောင်းပြီ. . . မင်းကိုမေးမယ်. . . မှန်မှန်ဖြေ၊ ဗြိဟဒ်-အာရညက ဥပနိသျှဒ်ကျမ်းထဲမှာ ယညဝါကျ ပြောခဲ့သလို လူတစ်ယောက် သေသွားတဲ့အခါမှာ ဣန္ဒြေနဲ့ ဝိညာဉ် ဟာ အတ္တလို့ခေါ်တဲ့ နောက်ဆုံး အကြောင်းတရားထဲမှာငုပ်လျှိုးသွားတယ်ဆိုတာဟုတ်သလား၊ အဲဒီထဲမှာ မင်းလို တစ္ဆေကရော ဘယ်လို ပါဝင်ပတ်သက်သလဲ"

တစ္ဆေကတော့ အတော်ကို ကြောင်စီစီဖြစ်သွားပုံပဲ။

"ဗျာ. . . ယညဝါကျ. . . ဟုတ်လား၊ ဟိုဒင်း. . . ကျွန်တော် မသိပါဘူးခင်ဗျာ"

ပေါ်ဦးက ဆက်ပြီးတော့ . . .

"ဒါဆို အန္နမယ အတ္တ၊ ပြာဏမယ အတ္တ၊ မနောမယ အတ္တ၊ ဝိညာဏမယ အတ္တ၊ အာနန္ဒမယ အတ္တ. . . ဆိုတဲ့ အဆင့် ငါးဆင့်ထဲမှာ တစ္ဆေ ဟာ ဘယ်အစိတ်အပိုင်းထဲမှာပါလဲ"

"ခင်ဗျာ. . . ဟို. . . လေ. . . ကျွန်တော်. . . မသိ. . ."

ပေါ်ဦး က တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်တယ်။ ပြီးတော့ . . .





"နာဓိကေတ ကို သေမင်းက ဟောတဲ့ ဒေသနာထဲမှာ နှလုံးအိမ်ပတ်လည်မှာ အကြော(၁၀၁)ကြော ရှိတဲ့အထဲက ဦးခေါင်းထဲ ထိုးတက်နေတဲ့ အကြောတစ်ကြောရှိတယ်။ လူသေတဲ့အခါ အဲဒီအကြောအတိုင်း အသက်ထွက်သွားတယ်လို့ ဆိုတယ်"

"ကိုင်း. . . မင်းသာ တစ္ဆေဆိုရင် မင်း သေဖူးတာပဲ၊ အဲဒီကိစ္စကို သိရမှာပေါ့။ ဘယ်လိုလဲ. . . ဟုတ်သလား"

"ဗျာ. . . ဗျာ. . . အဲဒါကလည်း. . . ဟို. . . ဒီလိုရှိပါတယ်၊ ကျွန်တော် သေသေချာချာတော့ မသိ. . ."

ပေါ်ဦး ရှုးရှုးရှားရှား ဖြစ်သွားပြီး . . .

"ဟေ့ကောင်. . . ဘဒုတ်. . . အဲဒီကောင်ကို မင်း နာနာကြီးလွှတ်လိုက်စမ်း၊ ဒီကောင် တစ္ဆေမဟုတ်ဘူးကွ. . .၊ လူလိမ်. . . ငါမေးနေတာတွေ ဒီကောင် ဘာမှ မသိဘူး"

ဘဒုတ်ကလည်း ဒီလိုကိစ္စမျိုးဆို သွက်လိုက်တာမှ စကား အောင် မဆုံးသေးဘူး။ ဖြောင်း. . . ဖြောင်း. . . ဖြောင်း ဆိုပြီး တစ္ဆေကို ပြောရင်း သုံးချက်လောက် ဆင့်ရိုက်ပစ်လိုက်ပြီးနေပြီ။

နောက်. . . သူတို့နှစ်ယောက်ကတော့ ဆက်လျှောက်သွားကြသပေါ့။

တစ္ဆေကတော့ လမ်းပေါ်မှာ ခွေခွေကလေး လဲပြီး ကျန်ရစ်ခဲ့တော့တယ်။

●



www.burmeseclassic.com

www.burmeseclassic.com



(၆)

အဲ့ဒီနေ့ကတော့ တစ္ဆေတွေရဲ့လောကကို ပွက်လောရိုက်သွားစေတဲ့နေ့ပဲ။

ဒီအကြောင်းက တစ်ယောက်စကား တစ်ယောက်နားနဲ့ တစ္ဆေတွေအားလုံးရဲ့ကြားမှာ ပြန့်သွားပြီလေ။ အခုဆို တစ္ဆေ တစ်ကောင်နဲ့တစ်ကောင် မေးခွန်းထုတ်နေကြပြီ။ လုပ်ကြ. . . စဉ်းစား. . . ထုတ်စမ်း မေးခွန်းတွေ၊ ဘာဖြစ်မလဲ. . . ဘာမှမဖြစ်ဘူး. . . ဒီမေးခွန်းတွေကို ဘယ်သူမှ မဖြေနိုင်ကြဘူး။

ဒုက္ခပဲ. . .။

ကိုယ့်မျက်နှာကိုယ် လက်ညှိုးထိုးပြီး. . . 'ငါ. . . ဘာကောင်လဲ' 'ငါ. . . ဘာကောင်လဲ' လို့ မေးမေးနေကြတာ။

မည်းမှောင်အေးစက်နေတဲ့ ချောက်ချားမှုတွေ တဝုန်းဝုန်းပြိုကျကျပ်ညပ်အောင် ပိတ်ဆို့ပစ်လိုက်သလို ခံစားရသလိုပဲ။ တစ္ဆေတွေ





ခမျာလေ. . . ကြည့်. . . စိတ်ခါတ်တွေ သွေးခုန်နှုန်း စမ်းမရတော့ဘူး။

●



www.burmeseclassic.com

www.burmeseclassic.com



(၇)

သူတို့အထဲက အသက်ကြီးကြီး တစ္ဆေအဖိုးကြီးတစ်ကောင်ကတော့ ကျန်တဲ့ကောင်တွေအားလုံး ခေါ်ပြီး ညှိပါသေးတယ်။ ဟာ . . . ဒါ. . . ဒီလိုပါပဲ. . . ပေါ့၊ ငါတို့ကတော့ တစ္ဆေတော့ တစ္ဆေပါပဲ ဘာညာပေါ့လေ၊ ဒါပေမဲ့ မရတော့ဘူး၊ အားလုံးက သွေးပျက်နေကြပြီ၊ ပေါ်ဦး မေးသွားတဲ့ မေးခွန်းတွေကို တစ္ဆေအဘိုးကြီးကို ဝိုင်းမေးကြပြန်တော့လည်း သူက ဖြေမှ မဖြေနိုင်တာကိုး၊ မဖြေနိုင်ဘဲနဲ့ ငါတို့က တစ္ဆေတွေပါ၊ တစ္ဆေစစ်စစ်တွေပါ၊ တစ္ဆေစစ်စစ်တွေပါလို့ချည်း ဇွတ်မှိတ်ပြောနေတာကို ကျန်တဲ့သူတွေက အယုံအကြည်မရှိ ဖြစ်လာတယ်. . .။

နောက်တော့လည်း. . . အင်း. . . သိတဲ့အတိုင်းပဲ၊ တစ္ဆေတွေဇာတ်ခေါင်းကွဲကုန်ကြတာပေါ့. . . စိတ်လေသွားကြပြီလေ။

ဖြစ်ချင်ရာဖြစ်၊ ရောက်ချင်ရာရောက်ဆိုပြီး လျှောက်လေလွင့်တဲ့





သူကလွင့်တယ် . . .

ကိုယ်နေရာနဲ့ကိုယ် တည်တည်တံ့တံ့ မနေဘဲ ဟိုလူ့ ဝင်ပူး ဒီလူ့ ဝင်ပူး လုပ်တဲ့ကောင်က လုပ်တယ် . . .

နိုင်ငံခြား ဗီဒီယိုကားထဲ ဝင်တဲ့အကောင်က ဝင်တယ်. . .

ကာတွန်းစာအုပ်ထဲ ဝင်တဲ့ကောင်က ဝင်တယ်. . .

ဖြစ်ချင်တိုင်းကို ဖြစ်နေတော့တာပဲ။

●



www.burmeseclassic.com

www.burmeseclassic.com



(၈)

သူ့ကိုယ်သူ တစ္ဆေစစ်စစ်ပါလို့ ပြောပြောနေတဲ့ အဘိုးကြီးကတော့ သူသေခါနီးဆဲဆဲမှာ သေတမ်းစာတစ်စောင် ရေးသွားတယ်။ အဲဒီ သေတမ်းစာထဲမှာ . . .

“အမြင်အကြားသာရှိပြီး ဦးနှောက်မရှိတဲ့လူနဲ့. . . ဦးနှောက်သာ ရှိပြီး အမြင်အကြား မရှိတဲ့လူ အဲဒီလူနှစ်မျိုးကို ဘယ်တော့မှ တစ္ဆေ သွား မခြောက်နဲ့၊ ကိုယ်ပဲ ပျက်စီးတတ်တယ်” လို့ ရေးသွားလေရဲ့. . .॥

●





(၉)

အဲဒါကြောင့်မို့ ထင်တယ်. . .॥

လူ့လောကမှာ အရူး နဲ့ မျက်စိ မမြင်တဲ့လူတွေ တစ္ဆေခြောက်ခံရတယ်လို့ ဘယ်တုန်းကမှ မရှိခဲ့ဘူးလေ. . .॥

■



www.burmeseclassic.com

www.burmeseclassic.com



# ဦးဘကွန်းရဲ့ အိမ်

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီမြို့ကို စ ရောက်ကတည်းက ဦးဘကွန်းရဲ့ အိမ် အကြောင်းကို ကြားရတာ အကြိမ် သုံးလေးဆယ်ထက်တော့ မနည်းတော့ ဘူးထင်တယ်. . . အဘ"

အဘိုးအို က သူ့စကားကို နားထောင်ပြီး ပြုံးလိုက်သည်။ ပန်းကန်လုံးအတွင်းမှ ရေနွေးကို ကုန်သွားအောင် မော့သောက်လိုက်ပြီး ပန်းကန်လုံးကို စားပွဲပေါ် ပြန်ချသည်။ ညင်သာစွာ မတ်တတ်ထရပ်၏။ နောက် ဝရန်တာဆီသို့လျှောက်သွားပြီး အိမ်ရှေ့လမ်းမကြီး၏ လက်ဝဲ ဘက်သို့ ငေးကြည့်နေလေသည်။

ထိုနေရာမှ လှမ်းကြည့်လျှင် ဦးဘကွန်း၏အိမ်ကို ကောင်းစွာ မြင်ရ၏။ ခြံထောင့်တွင် ခက်ထရော်ကြမ်းမာနေသော ပျဉ်းမပင်အိုကြီး တစ်ပင် ရှိသည်။ အပွင့်တို့ ဖြာကျနေသော ပိတောက်ပင်၊ ငုပင်နှင့် စိန်ပန်းပင် တွေလည်းရှိသည်။ ခြုံနွယ်ပိတ်ပေါင်းတွေလည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်း တိမ်ရောင် နှင်းဆီပန်းတစ်ခင်းလည်း ရှိသည်။ ကြမ်းပျစ်ထူပိန်းနေသော မြက်ရိုင်းနှင့် ဆူးခက်ဆူးခြုံတွေလည်း ရှိသည်။ နူးညံ့ဝါနိုသော စကားပွင့်တို့သည်လည်း မြက်ရိုင်းနှင့် ဆူးခက်အကြား အလပ်ရှိရာ နေရာတိုင်းတွင် ဖွေးဖွေးလှုပ်အောင် ထပ်ကာ စေ့ကာ ဆင့်ကာ ကြွေကျထားကြသည်။

ဘီလူးရုပ်၊ မကန်းရုပ်၊ ဂဠုန်ရုပ် တို့ ထုဆစ်ထားရာ ခြံဝင်းအဝင်အဝ အုတ်တိုင်နှင့် မုခ်တံခါးသည် ပြိုကျအံ့ဆဲဆဲ ယိမ်းယိုင်နေပြီဖြစ်သည်။ ထိုခြံဝင်း မုခ်ဦးပေါ်တွင်ကား ထားဝယ်မှိုင်းပန်းပွင့် နီရဲရဲတို့နှင့် ဂေါ်သဇင်ပွင့်နုလွလွအခက်အလက်တို့သည် နွယ်တက်ကာ ဖွေးဖျိုးဖျပ်ဖျပ် ပွင့်လျက်ဖူးလျက်သားရှိကြ၏။

အိမ်ကြီးတစ်အိမ်လုံးသည် အတိတ်၏ ကျက်သရေဖြင့် တည်ငြိမ်နေသည်။ ကျောက်သားထု ကောင်းကောင်း၊ ခန့်ညားသည့် ဗိသုကာလက်ရာ၊ အနုစိတ် မွမ်းမံခြယ်လှယ်ထားသော ပန်းပု၊ ပန်းတမော့နှင့် ပန်းပွတ်ရုပ်လုံးများ။ သို့သော် တစ်ချိန်တည်းမှာပင် ပစ္စုပ္ပန်၏ ခိုကိုးရာမဲ့မှုဖြင့် ချောက်ချားဖွယ်ရာ ယိုယွင်းပျက်စီးလျက်. . .။ တိတ်ဆိတ်သုသာန်တစပြင်နှယ်. . .။

သူက အဘိုးအို၏အနီးသို့ လျှောက်သွားပြီး မေးလိုက်သည်။

"အဘရော အဲဒီအိမ်ကြီးမှာနေတဲ့ ဟို . . . ဦးဘကွန်း ဇနီးဒေါ်သက်ငုံ ဆိုတဲ့ အဘွားကြီးကို မြင်ဖူးလား"

အဘိုးအိုက ဦးဘကွန်း၏ အိမ်ကြီးဆီသို့ ငေးစိုက်ကြည့်လျက်သားက မျက်နှာကိုမလွှဲဘဲ ခေါင်းညိတ်ပြကာ ဖြေ၏။ နောက်အတော်





ကြာမှ သက်ပြင်းရှည်ကြီးတစ်ချက်ကို ချကာ. . .

"အင်း. . . လူကလေးကတော့ ဒီမြို့ကို ရောက်တာလည်းကြာသေး၊ နေ့လယ်ခင်းဆိုရင်လည်း အစိုးရ ရုံးလုပ်ငန်းကိစ္စတွေနဲ့သွားရ၊ ညနေစောင်းမှ ပြန်လာဆိုတော့ ဒေါ်သက်ငုံကို ဘယ်မြင်ဖူးဦးမလဲ။ အင်းလေ. . . ခမျာမှာလည်း သနားစရာ အမယ်အိုကြီးပါကွယ်။ ခုချိန်ထိ သူ့ယောကျ်ားပြန်အလာကို မျှော်နေတုန်းကလား။ အနှစ်လေးဆယ်လောက်တော့ ရှိရောပေါ့ကွယ်"

"အဘကရော ဒီမြို့ခံပဲလား၊ ဒါမှမဟုတ် ဒီမြို့ကိုရောက်တာကြာပြီလား"

အဘိုးအိုက ဝရန်တာလက်ရန်းကို ဖြည်းလေးပင့်ကန်စွာ ပွတ်သပ်ရင်း. . .

"အဘက ဒီမြို့ကလေးကိုရောက်တာ ဆယ်နှစ်ကျော်ပြီကွယ်။ စရောက်ခါစကတော့ အခု လူလေးနေနေတဲ့ ဟောဒီအိမ် အပေါ်ထပ်တိုငှားနေတာပေါ့၊ ညနေ ညနေတိုင်း ဒီ ဝရန်တာလေးကနေ ဟောဟိုတဦးဘကွန်းအိမ်ကြီးကို ငေးကြည့်နေမြဲပေါ့၊ အိမ်ရှင်ကတော့ စိုးရိမ်ရှာပေရဲ့။ အဘက အသက်ကြီးပြီဆိုတော့ကာ ညရေးညတာဆိုရင် ဒီအိမ်အပေါ်နဲ့အောက်ဆင်းဖို့ပြုဖို့အခက်ရှိတာကိုး။ ဟော. . . လူလေးရောက်လာမယ်ဆိုတော့ အိမ်ရှင်က အဘကို အောက်ထပ်က အခုနေတဲ့ညာဘက်ခန်းကို ရွှေ့ထားပေးတာပ။ အဘကလည်း အဘပဲကွဲ့၊ ညနေ. . . ညနေဆို မနေနိုင်ဘူး။ လိမ့်ကျကာမှကျရော. . . ဟောဒီဝရန်တာဆီ တက်ပြီး ဟိုဟိုသည်သည် မျှော်ကြည့်လိုက်ရမှ နေသာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထိုင်သာ ရှိသွားတာကလား။ ဆယ်နှစ်ကျော်ကျော်လောက် အကျင့်က စွဲခဲ့ပြီကိုး။ နောက်ပြီး အိုကြီးအိုမ နဲ့ လမ်းပေါ် လျှောက်သွားပြီး အပျင်း မဖြေချင်ဘူးလေ"

အဘိုးအိုကို သူ ဂရုဏာသက်သွားမိသည်။

"ဒါနဲ့များအဘရယ် . . . ကျွန်တော် ရောက်စကတည်းက ပြောရောပေါ့။ နောင်လည်း သည်အပေါ် ထပ်ကို အဘ စိတ်ကြိုက် ဝင်ပါ ထွက်ပါ။ ကျွန်တော့်ကိုလည်း အားမနာပါနဲ့၊ ခွင့်တောင်းနေစရာလည်း မလိုပါဘူး၊ ကဲ . . . ခဏနော် အဘ၊ ကုလားထိုင်မှာ ထိုင်ပါဦး၊ ကျွန်တော် လက်ဖက်ရည် သွားဖျော်လိုက်ဦးမယ်"

ဆယ့်ငါးမိနစ်ခန့်အကြာ လက်ဖက်ရည်အိုးနှင့် ပန်းကန်လုံး နှစ်လုံးကို သယ်လျက် သူပြန်ထွက်လာသောအခါတွင် ကြိမ်ပက်လက် ကုလားထိုင် နှစ်လုံးကို ဝရန်တာတွင်ချကာ ထိုင်နေသော အဘိုးအိုကို တွေ့ရလေသည်။

ခုံပုတစ်လုံးကို ဆွဲယူကာ လက်ဖက်ရည်အိုးနှင့်တကွ ရေနွေး ကြမ်း၊ ခာတ်ဘူး၊ ပန်းကန်လုံးများကိုပါတင်ပြီး အဘိုးအိုရှေ့မှ ကုလားထိုင် တွင် သူဝင်ထိုင်လိုက်၏။

အဘိုးအိုက . . .

"အင်း . . . လူလေးရဲ့အကြောင်းများလည်း အဘ ကြားပါရစေ ဦးလား"

သူတစ်ချက်ပြုံးလိုက်ရင်း . . .

"အဘရယ် . . . ကျွန်တော့်အကြောင်းကတော့ သူလို ငါလိုပါပဲ၊





ဘာမှ ထူးထူးခြားခြား ရှိလှတာ မဟုတ်ပါဘူး၊ အဖေက ရုံးဝန်ထမ်း၊ အမေက ဘာမှ မလုပ်တတ် မကိုင်တတ်နဲ့၊ အဆင်းရဲကြီး ဆင်းရဲတာ မဟုတ်ပေမယ်လို့ ကျပ်ကျပ်တည်းတည်းနဲ့ပဲ ကျွန်တော်တို့ မောင်နှမ တွေကို ကျောင်းထားပေးတယ်၊ ကျွန်တော် ဘွဲ့ရ နောက် အလုပ်ဝင်တယ် ဆိုပါတော့၊ အင်းလေ . . . ကျွန်တော့်ကံ အကျိုးပေးက မကောင်းဘူး ဆိုရမလားမသိဘူး၊ ဘဝတစ်လျှောက်မှာတော့ အောင်မြင်မှု အတော် နည်းခဲ့တယ် အဘရဲ့၊ အစစအရာရာပေါ့၊ ပညာရေးမှာလည်း ဆယ်တန်း အောင်ပြီး ဘွဲ့ရဖို့ မနည်းရုန်းကန်ပါမှ သာမန်လောက်ပဲရခဲ့တယ်၊ စီးပွားရေးဆိုတာလည်း ဒီလိုပဲ၊ ဝန်ထမ်းလစာ ချို့ချို့ငဲ့ငဲ့နဲ့ ရာထူးကလည်း သည့်ထက်တက်ဖို့ မရှိတော့ဘူး၊ နေရာတိုင်းမှာ ကိုယ့်ထက် တန်ခိုးကြီးတဲ့ လူတွေ အပုံကြီး၊ ရာထူးတက်ဖို့ကိုတော့ ကျွန်တော်ကိုယ်တိုင်ကလည်း မမျှော်လင့်တော့ဘူး၊ ကြိုးလည်း မကြိုးစားချင်တော့ဘူး၊ အပိုပါပဲလေ၊ ချစ်သူကလည်း ပစ်သွားခဲ့ပြီ . . .၊ ရှင်းပါတယ်၊ လမ်းဘေးက ကျောက်ခဲ တစ်လုံးလိုပါပဲ။ မွေးလာကတည်းက မထင်မရှား နေရာလေးတစ်ခုမှာ ရှင်သန်နေထိုင်ပြီး နှစ်ပရိစ္ဆေဒတွေကြာလာတော့ မြေကြီးတွေဖုံးပြီး ပျောက်ကွယ်သွား၊ လူမသိသူမသိ မွေးဖွားခဲ့ပြီး လူမသိသူမသိ သေဆုံး သွားဖို့ကို စောင့်ဆိုင်းနေရုံ သက်သက်ဟာ ကျွန်တော့်ဘဝပါပဲ"

ထောင်းလမောင်းထအောင် ပွဲတင်ရိုက်ခတ်လာသော ကြေကွဲ သံတို့အဆုံးတွင် မောပန်းနွမ်းလျစွာဖြင့် ကုလားထိုင် နောက်မှီပေါ်သို့ သူလဲလျောင်းချလိုက်မိသည်။

အဘိုးအိုက လက်ဖက်ရည်တစ်ခွက်ကို ငှဲ့သောက်ပြီး ဆက်ကျန်

www.burmeseclassic.com



တစ်စက်နှစ်စက်ခန့်ကို ကြမ်းပြင်ပေါ် ပက်သွန်လိုက်၏။

ခဏအကြာတွင် ထို လက်ဖက်ရည်စက်များပေါ်သို့ ပုရွက်ဆိတ်များ စုအုံလာကြသည်။

အဘိုးအိုက သူ့မျက်နှာကိုတစ်လှည့် ပုရွက်ဆိတ်များကို တစ်လှည့် စေ့စေ့ကြည့်ရင်း . . .

"ပုရွက်ဆိတ်တွေမှာ တစ်ကောင်ချင်းစီရဲ့ ဘဝဖြစ်တည်မှုရှိပေမဲ့ တစ်ကောင်ချင်းစီရဲ့ ဘဝအဓိပ္ပာယ်မရှိဘူး၊ အခြား ပုရွက်ဆိတ်များစွာထဲမှာ ပါဝင်ဆင်နွှဲနေခြင်းကိုက ဘဝဖြစ်တည်နေမှုပဲ၊ တစ်ဦးချင်းစီရဲ့ ဘဝဖြစ်တည်မှုပြီးတဲ့နောက်မှာ တစ်ဦးချင်းစီရဲ့ စိတ်ကြိုက်ရွေးချယ်ခွင့် ရှိမှုဆိုတာ တွဲလျက်ပါတယ်၊ လူလေး. . . မင်းဟာ လူတစ်ယောက်ပါပဲ။ မင်းမှာ ရွေးချယ်ပိုင်ခွင့်ရှိပါတယ်၊ တစ်ခုခုကို မင်း ရွေးချယ်စမ်းပါကွဲ့။ လူစင်စစ်ကနေပုရွက်ဆိတ်တစ်ကောင်ဘဝကိုဘာလို့ သွားချင်ရတာလဲ"

သူ ခေါင်းကို ခါယမ်းလိုက်သည်။

မိဘ၊ ချစ်သူ၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေသင်္ဂဟနဲ့တကွ လောကကြီးတစ်ခုလုံးက ကျွန်တော့်ကို မေ့လျော့ထားကြတယ်။ ကျွန်တော့်မှာ ရွေးချယ်ခွင့်ဆိုတာ မရှိပါဘူး။ လူဖြစ်လာရတာ ရွေးချယ်ခံဘဝသက်သက်ပါအဘရယ်။ လောကကြီးဟာ ကျွန်တော့်ကို စွန့်ပစ်ပယ်ထားလိုက်ဖို့ လူစာရင်းထဲကို ရွေးချယ်ထည့်ထားလိုက်တယ်။ သူ့ရဲ့ မေ့လျော့ပစ်ခြင်းကိုခံယူပြီး ကျွန်တော် ဒီမြို့ကလေးမှာ (ဒါမှမဟုတ်) လောကကြီးက ရွေးချယ်တဲ့ အခြားသော တစ်နေရာမှာ တိတ်ဆိတ်စွာ





နေထိုင်ရင်း ဘဝကို ကုန်လွန်ပစ်လိုက်ရတော့မှာပဲ ဟု သူ တိုးတိတ်အားလျော့စွာ ပြန်ဖြေဖြစ်၏။

ညနေခင်း အလင်းညိုပျစ်ပျစ်သည် တဖြည်းဖြည်း စိမ့်ဝင်အိကျလာနေသည်။

ကောင်းကင်သည် လက်သုတ်ပဝါတစ်ထည်လို ကြည့်နေရင်းမှာပင် တစ်စထက်တစ်စ မည်းညစ်လာ၏။ အနောက်ဘက်အရပ်သို့ တိမ်တိုက်တို့ လျှင်မြန်စွာ ရွေ့လျားသွားကြပုံမှာ မြေကြီးခဲတွေ အဆုပ်လိုက် အဆုပ်လိုက် ပြိုကျဆင်းသွားသည်နှင့်ပင် တူနေတော့သည် ဟု သူတွေးမိ၏။

သိပ်သည်းဆ များလာသော လေပြည်ညင်းတစ်ချက် တိုက်ခတ်သွားသည်။ လေထုထဲတွင် ချိုမြရီဝေစေသော ရနံ့တစ်မျိုးနှင့် ပုပ်အဲ့အဲ့ရနံ့တစ်မျိုး ရောယှက်စုဖွဲ့ကာပါလာသည် ဟု သူ ရှူရင်းရှိုက်ရင်းစိတ်ထဲကထင်ဖြစ်သေး၏။ ဦးဘကွန်း၏ အိမ်ကြီးဆီမှလာသော ရနံ့ဖြစ်မှန်း သူတွေးကြည့်၍ ရသည်။ ရနံ့. . . အနီရောင် နှင့် အပြာရောင်တို့ကို ဖျော်စပ်ရောနှောထားသော ခရမ်းရောင်ရနံ့။

"မင်း ထင်လို့ပါ လူကလေးရယ်၊ လူတိုင်းမှာ ရွေးချယ်ခွင့်ရှိပါတယ်၊ ရွေးချယ်ခွင့်အကြောင်း ပြောမယ်ဆိုရင် လူလေးကို ဦးဘကွန်းအကြောင်း ပြောဖို့ လိုလိမ့်မယ်"

သူ့မျက်လုံးတွေထဲမှာ ဖျပ်ခနဲ လင်းလက်လိုက်စေသော မေးခွန်း

"ဘယ်လို. . . ဒီကိစ္စဟာ ဦးဘကွန်းနဲ့ဘယ်လိုများ ပတ်သက်နေလို့လဲ အဘ၊ ကျွန်တော် သိသလောက်တော့ ဦးဘကွန်း ဟာ လွန်ခဲ့

www.burmeseclassic.com



တဲ့ နှစ်ပေါင်းလေးဆယ်ကျော်က ပျောက်ဆုံးသွားခဲ့တဲ့ လူတစ်ယောက်ပဲ၊ မရှိတော့တဲ့လူတစ်ယောက်ကဘာကိုရွေးချယ် . . . သြော် . . . အဘပြောချင်တာက သူအိမ်က ပျောက်မသွားခင် ချမ်းချမ်းသာသာနဲ့ လက်ညှိုးညွှန်ရာ ရေဖြစ်နေတဲ့ကာလတွေမှာ သူ့စိတ်ကြိုက် လောကကြီးကို ရွေးချယ်ခွင့်ရခဲ့တယ်လို့ ဆိုချင်တာလား"

အဘိုးအိုက ပါးရေအတွန့်တွန့် အလိပ်လိပ်တွေ သင်္ဘော နောက်က ရေလှိုင်းများပမာ ခုံးကြွထအောင် ပြုံးလိုက်ရင်း . . .

"မဟုတ်သေးဘူးကွဲ့ လူကလေးရဲ့၊ ဦးဘကွန်း ဟာ ချမ်းသာနေတုန်းမှာ သူ့စိတ်ကြိုက် ဘာမှ လုပ်ခွင့် မရပါဘူး၊ လုပ်လို့ရသမျှကလည်း သူ့စိတ်ကြိုက် မဟုတ်ရှာဘူး"

ဇဝေဇဝါဖြစ်နေသော သူ့မျက်နှာကို အဘိုးအို က တစ်ခုခုကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်ကာ . . .

"မှတ်ထား . . . လူကလေး၊ လူဆိုတာ ချမ်းသာနေတဲ့အချိန်မှာ ရွေးချယ်ခွင့် အနည်းပါးဆုံးဖြစ်ပြီး ဆင်းရဲတဲ့အချိန်မှာရွေးချယ်ပိုင်ခွင့် အများဆုံး ဖြစ်တယ်၊ အဲဒီမှာ လူဖြစ်မှုဟာပိုပြီး အသက်ဝင်တော့တာပဲ . . ."

သူငိုင်နေဖြစ်သည်။

"ကျွန်တော် နားမလည်ဘူး . . . အဘ"

အဘိုးအို က လက်ဖက်ရည် ကို ထပ်၍ ငှဲ့လိုက်ပြီး . . .

"ဦးဘကွန်းဟာ အဲ . . . မောင်ဘကွန်း လို့ ဆိုရအောင်၊ မောင်ဘကွန်း ရဲ့ မိဘတွေဟာ သိပ်ကို ချမ်းသာကြတယ်၊ အိမ်ကြီးကို ရဲတိုက်





လိုဆောက်ပြီး နေနိုင်တာကိုပဲ ကြည့်တော့လေ၊ မောင်ဘကွန်းဟာ တုဋ္ဌေးရှစ်ဆယ် သူဌေးသားလေးတစ်ယောက်အဖြစ်နဲ့ မွေးဖွားလာခဲ့ရဲ့၊ မင်းပြောသလိုဆိုရင် လက်ညှိုးညွှန်ရာ ရေဖြစ်တဲ့ဘဝ ဆိုပါတော့၊ တစ်ဦးတည်းသော သူဌေးသားတို့ရဲ့ထုံးစံအတိုင်း မိဘတွေရဲ့အလိုလိုက် ခံရတယ်၊ မနက် အိပ်ရာက နိုးထချိန် မျက်စိနှစ်လုံးဖွင့်လိုက်တာနဲ့ အမွှေးနံ့သာနဲ့မျက်နှာသစ်၊ ရေကိုင်ထားတဲ့ အစေခံက အိပ်ရာဘေးမှာ အသင့်စောင့်လို့၊ ပြီးရင် ထမင်းစားခန်းထဲကို ပွေ့ချီမတတ် ခေါ်လာ၊ စားရင်သောက်ရင်လည်း ငွေဖွန်းနဲ့ ငွေခွက်နဲ့၊ အသင့် ခွံ့ကျွေးမယ့် အစေခံက သူ့ဘေးမှာ ရှိရိုကျိုးကျိုးလေး ခယဝပ်တွားလို့ပေါ့"

"သူပျင်းရင် ဟိုဟိုသည်သည် ထွက်လည်ဖို့ သီးသန့် ကားတစ်စင်း ရှိတယ်၊ ဒရိုင်ဘာလည်း သတ်သတ်ရှိတယ်၊ သူအပြင်ထွက်ပြီဆိုရင် ဒရိုင်ဘာတစ်ယောက်၊ ငွေထုပ်ပိုက်ပြီးလိုက်ဖို့ ဘဏ္ဍာစိုး တစ်ယောက်နဲ့ အခြားအုပ်ထိန်းဖို့ မိဘ (ဒါမှမဟုတ်) နာနီကြီးတစ်ယောက် ဘေးမှာ အမြဲတမ်းပါလေရဲ့၊ ဒီလိုနဲ့ပဲ နှစ်ပေါင်းများစွာကြာ သူလည်း တဖြည်းဖြည်း အရွယ်ရောက်လာခဲ့တယ်"

"ပြောင်းလဲခြင်း ကင်းတဲ့ ဦးတည်ရာအရပ် နဲ့ ပုံသေစီးဆင်းမှု အလျင်နဲ့ပေါ့၊ လူ့ဘဝကြီးမှာ တအိအိ တရွေ့ရွေ့ စီးမျောလာခဲ့တော့ ထုံးစံအတိုင်းပဲ အိမ်ထောင်ပြုဖို့ဆိုတဲ့ သတ်မှတ်ချက်နေရာကို ရောက်လာတော့တာပဲ၊ သူ့မိဘတွေက စီစဉ်ကြတယ်၊ ဂုဏ်ဒြပ်တူရာ အသိုင်းအဝိုင်းထဲက သူတို့လောက်နီးနီး ချမ်းသာကြွယ်ဝတဲ့ မိသားစုတစ်ခုနဲ့ ရွှေလမ်းငွေလမ်းဖောက်လို့ . . .။

www.burmeseclassic.com



သတို့သမီးနာမည်က . . . မသက်ငုံ တဲ့။ တစ်ဦးတည်းသော သမီးပဲ။ သိပ်လှတဲ့ မိန်းကလေးပေါ့။ အပြောအဆို အပြုအမူအားလုံး အားလုံးမှာ လိမ္မာရေးခြားရှိလိုက်ပုံများ လူတိုင်းက မောင်ဘကွန်းရဲ့ တံဇာတာကို အံ့သြယူရတဲ့အထိပဲ"

"သူတို့ လင်မယားဟာ သိပ်ချစ်ကြတယ်ဆိုပါတော့ကွယ်၊ တစ်ခုပဲရှိတယ်။ သူတို့မှာ သားသမီး မထွန်းကားတာပဲ။ ဒီတော့ နှစ်ဘက်မိဘတွေလည်း ဖြုန်းစားကြီး ကွယ်လွန်သွားရော သူတို့ လင်မယား နှစ်ယောက်တည်းကျန်ခဲ့၊ လုပ်ငန်းတို့ ခြံမြေတို့ အားလုံးရောင်းချ၊ ပြီးတော့ အစေခံကလေး နည်းနည်းပါးပါးနဲ့ အေးလေ. . . အလုပ်လုပ်စရာလည်း လိုမှ မလိုတာ၊ နှစ်ဘက်မိဘ အမွေပစ္စည်းတွေ ထိုင်စားဦး၊ ဆယ်သက် စားလို့ မကုန်ဘူး၊ ဒါနဲ့ပဲ နေ့တွေရက်တွေကို တံစဥ်းနဲ့ တိုက်စားသလို တအိအိနဲ့ အချိန်ဖြုန်းလာခဲ့ကြရှာတာပေါ့"

"ဟင့်အင်း . . . မဟုတ်ဘူး။ မသက်ငုံ ဟာ မောင်ဘကွန်း အပေါ် သစ္စာ မဖောက်ခဲ့ပါဘူး။ မင်းကြားခဲ့တာ စိတ်ကူးယဥ်တတ်သူတွေ မလိုတမာ ပြောချင်သူတွေရဲ့ စကားသက်သက်ပဲ၊ မသက်ငုံဟာ မောင်ဘကွန်းကို အင်မတန် ချစ်ရှာတယ်၊ သစ္စာလည်း အင်မတန် ရှိတယ်၊ မောင်ဘကွန်းရဲ့ဘဝဟာ ပြောစရာမရှိအောင်ကို ပြည့်စုံလို လောက်နေတယ်'

ထိုအခိုက်တွင် အဘိုးအို၏ စကားကို သူက စိတ်မရှည်စွာဖြင့် ဖြတ်ပြီး . . .

"ဒါဖြင့်ရင်. . . ဦးဘကွန်းက ဘာလို့ သူ့အိမ်က ပျောက်သွားရ





တာလဲ အဘရဲ့"

"သူ့ဘဝဟာ ပြောစရာမရှိလောက်အောင် ပြည့်စုံလုံလောက်နေလို့ပေါ့ လူကလေးရဲ့ . . ."

"ဗျာ. . ."

"ဟုတ်တယ်. . . လူလေး. . .၊ ဘဝဆိုတာ အပြည့်အစုံ ရေးထားပြီးသား စာအုပ်တစ်အုပ် မဟုတ်ဘူး၊ လူကိုယ်တိုင် ဖန်တီးရေးသွင်း နိုင်ခွင့်ရှိတဲ့ ဗလာစာအုပ် တစ်အုပ်သာ ဖြစ်တယ်၊ ဒါပေမဲ့ မောင်ဘကွန်း ဘဝဟာ သနားစရာ ကောင်းရှာပါတယ် . . ."

သူက မကျေမနပ်ဖြင့် ပန်းကန်လုံးကို စားပွဲပေါ် ဆောင့်ချရင်း . . .

"ဒီလောက် ချမ်းသာပြည့်စုံတဲ့လူဟာ သနားစရာလား အဘရဲ့. . ."

"ချမ်းသာတဲ့ဘဝဟာ ရွေးချယ်ခွင့် အနည်းဆုံးပဲ လို့ အဘ ပြောခဲ့ပါပကော လူကလေးရယ် . . ."

အဘိုးအို၏ လေသံက အေးချမ်းတည်ငြိမ်လှ၏။ ထို့နောက် အဘိုးအိုကပင် ဆက်၍ . . .

"ဘာဖြစ်လို့လဲဆိုတော့. . . ချမ်းသာမှုကပဲ လူကို ချည်နှောင်ထားတာကိုး၊ ဒါပေမဲ့ မောင်ဘကွန်းဟာ ဒီအချက်ကို စောစောစီးစီးပဲ သိမြင်သွားခဲ့တယ်၊ ဒါကြောင့်လည်း သူ့ရဲ့စည်းစိမ်ချမ်းသာနဲ့တကွ အင်မတန် ချစ်မြတ်နိုးလှတဲ့ ဇနီးသည်ကိုပါ စွန့်ပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ အိမ်က ထွက်သွားတာပေါ့။ နှစ်ပေါင်းလေးဆယ်။ အင်း



www.burmeseclassic.com

www.burmeseclassic.com



. . . လူ့ဘဝမှာ လူပီပီသသ နေထိုင်ပြီး လူ့ဘဝရဲ့မှတ်တမ်းကို ကိုယ့်စိတ်ကြိုက် ရေးထိုးဖို့ဆိုရင် နှစ်ပေါင်းလေးဆယ်ဟာ အင်မတန် လုံလောက်တဲ့ ကာလပေါ့ကွယ်"

သူက ဝုန်းခနဲ ထရပ်လိုက်၏။ ဝရန်တာလက်ရန်းကို ကိုင်ကာ လမ်းမဘက်ဆီသို့ လှမ်းကြည့်သည်။ ဆည်းဆာ၏ ခပ်မှိန်မှိန် အလင်းအောက်တွင် ဦးဘကွန်း၏ အိမ်ကြီးကို မြင်နေရ၏။

"ကျွန်တော် မယုံဘူးအဘ၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ထွက်သွားတဲ့ ဦးဘကွန်းဟာ နှစ်ပေါင်းလေးဆယ်လုံးလုံး ဘဝမှာ ရပ်တည်နိုင်ပါ့မလား၊ ခိုကိုးစရာ မဲ့လောက်အောင် အင်မတန် ဆိုးရွားတဲ့ လောကရဲ့ ထိုးနှက်မှုတွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာ ဦးဘကွန်းတစ်ယောက် သူ့အိမ်ကို သူပြန်လာမှာပဲ၊ သူစွန့်ပစ်ခဲ့တဲ့ စည်းစိမ်ကို ပြန်တပ်မက်မှာပဲ၊ အခုအချိန်ထိ ဦးဘကွန်း ပြန် ရောက်မလာတာ အကြောင်းတစ်ခုခုကြောင့်သေဆုံးခဲ့ပြီးဖြစ်လို့ပဲလို့ ကျွန်တော်ယူဆတယ် အဘ. . ."

အဘိုးအို က ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး . . .

"ဒုက္ခနဲ့တွေ့ရင် သူစွန့်ခဲ့တဲ့ စည်းစိမ်ကို သူ ပြန်တပ်မက်မယ် . . . ဟုတ်လား၊ လူလေးရယ် . . . ဟား . . . ဟား . . . ဟား . . . လူကလေး . . . အဲဒါ မင်းစိတ်ကူးကွ၊ ဦးဘကွန်းရဲ့ စိတ်ကူးမဟုတ်ဘူး၊ မင်းမှာ အဲဒီစိတ်မျိုးရှိနေလို့ လမ်းဘေးက ကျောက်ခဲတစ်လုံးလို အညှိတက် ဖုံးလွှမ်းခံနေရတာ. . . ဦးဘကွန်းဟာ တစ်စုံတစ်ယောက်ရဲ့ အတွယ်အငြိကို ခံနေမယ့် ယောက်ျားမဟုတ်ဘူး၊ ဒါကြောင့် သူဟာ ကျောက်ခဲ မဟုတ်ဘူး . . ."





သူသည် လက်ဖက်ရည်ဖန်ခွက်ကို ကိုင်ကာ မှုန်းဆကြည့်ရင်း ကျန်တစ်ဘက်က လက်သီးဆုပ်ဖြင့် ခပ်ဆတ်ဆတ် ထိုးလိုက်ပြီး . . .

"မဖြစ်နိုင်ဘူးအဘ၊ ကိုယ့်ဘဝရဲ့ ရှင်သန်နေထိုင်မှုကို ကိုယ်တိုင် ရွေးချယ်ချုပ်ကိုင်ဖို့အတွက်သက်သက် အားလုံးကို စွန့်ပစ်ခဲ့တဲ့လူရယ်လို့ မရှိဘူး၊ ရှိခဲ့ရင်လည်း ဒီလူဟာ လွတ်လပ်မှုအတွေးအခေါ် သက်သက်ကို စားသုံးပြီး အသက်ရှင် မနေနိုင်ဘူး။ သေမှာပဲ။ တကယ်လည်း ဦးဘကွန်း သေသွားခဲ့လောက်ပါပြီ။ မရှိတော့တဲ့လူကို သူ့ရဲကောင်းလုပ်ပြီး အဘကြောင့်များ ကျွန်တော့်ကို အပြစ်တင်နေရတာလဲ အဘရယ်. . ."

အဘိုးအိုက ခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။ သူ့မျက်ဝန်းထဲတွင် လေးနက်စွာ ဝမ်းနည်းကြေကွဲသော အရိပ်အယောင်တို့ ထင်ဟပ်လျက်သားရှိသည်။

အတန်ကြာမျှ တိတ်ဆိတ်နေပြီးနောက် နောက်ဆုံးတွင် အဘိုး အို၏ အက်ကွဲကွဲအသံက ဝရန်တာ ကို ဆွဲကိုင် လှုပ်ယမ်းလိုက်လေသည်။

'အဘ မင်းကို အပြစ်တင်နေတာ မဟုတ်ပါဘူး လူလေးရယ်၊ မင်းကို ပုရွက်ဆိတ်တစ်ကောင် ဖြစ်မသွားစေချင်လို့၊ ကျောက်ခဲအဖြစ် မြေမြုပ်မသွားစေချင်လို့ ပြောပြနေတာ၊ အဘကို နားလည်ပေးစမ်းပါကွယ် လူကလေး . . ."

"အဘပြောတဲ့ အဘိဓမ္မာကို မင်း အယုံအကြည် မရှိဘူး မဟုတ်လား၊ ဒီအတွက် သက်သေပြစရာ တစ်ခုပဲရှိတော့တယ်။ ဦးဘကွန်းလေ. . . ဦးဘကွန်း . . ."



www.burmeseclassic.com

www.burmeseclassic.com



"အခု. . . လူကလေးရှေ့မှာရှိနေတဲ့ အဘဟာ ဦးဘကွန်း ပါပဲကွယ်"

သူ့လက်ထဲမှ ဖန်ခွက်သည် "ခွမ်း" ခနဲ လွတ်ကျသွားသည်။

"ဟုတ်တယ်. . . အဘ ဟာ ရှင်သန်နေထိုင်မှုကို ရွေးချယ်ခဲ့ပြီးပြီ၊ သေခြင်းတရားကို ရွေးချယ်ဖို့ ဒီမြို့ကလေးကို တိတ်တဆိတ် ပြန်လာနေထိုင်ခဲ့တာ ဆယ်နှစ်ရှိပါပြီကွယ်"

■





# တတိယမြောက် ဆည်းဆာ



www.burmeseclassic.com

www.burmeseclassic.com



(၁)

သင့်မှာ ချစ်သူတစ်ယောက် ရှိနေခြင်းသည် (မည်သည့် နည်းအားဖြင့်မဆို) ကောင်းသည်ဟု ကျွန်တော် ပြောချင်ပါသည်။ အနည်းဆုံးတော့ တစ်ယောက်က အူကြောင်ကြောင် မေးခွန်းများမေးပြီး ကျန်တစ်ယောက်က ဖြေဆိုပေးဖို့ရာ အသုံးဝင်နိုင်ပါသည်။ တစ်ခါက ချစ်သူကို ကျွန်တော်မေးခွန်းတစ်ခု မေးကြည့်ဖူး၏။

"ကြက်ဥနဲ့ ကြက်မ ဘယ်ဟာက အရင် စသလဲ"

ချစ်သူက တိတ်ဆိတ်စွာဖြင့် ခေတ္တစဉ်းစားနေပြီး . . .

"ကြက်ဥဟာ ကြက်မပဲလေ၊ နာမည်ကွဲပေမဲ့ တစ်ခုတည်းပဲ၊ ဘယ်ဟာက အရင်. . . ဘယ်ဟာက နောက် ဆိုတာ မရှိဘူး"

ရိုးရိုးသားသား ဝန်ခံရရင် ထိုအဖြေကို ကျွန်တော် သဘောမတွေ့လှပါ။ စိတ်ထဲ မရှင်းပါ။

●

ကြောင်နှစ်ကောင်စာပေ


www.burmeseclassic.com

www.burmeseclassic.com



(၂)

တစ်ညနေခင်းမှာ ချစ်သူကို ကျွန်တော်က ခြေသည်း ဆိုးပေး နေခဲ့၏။ ထိုစဉ် ချစ်သူက ကျွန်တော့်လက်ထဲမှ ခြေသည်းဆိုး စုတ်တံကို လှမ်းယူပြီး စာရွက်အပိုင်းအစတစ်ခုပေါ်တွင် ၆၀ ဒီဂရီရှိ ထောင့်ကျဉ်း တစ်ခု၏ပုံကို ဆွဲပြသည်။




သူမ ဘာဆိုလိုချင်မှန်း နားမလည်နိုင်သေးသောကြောင့် ငေး ကြည့်ရုံ ကြည့်နေမိဆဲမှာပင် သူမက ဒုတိယစာရွက် အပိုင်းအစပေါ်





တွင် နောက်ထပ် ထောင့်ကျဉ်းတစ်ခုကို ပြောင်းပြန် အနေအထားဖြင့် ဆွဲပြပြန်သည်။




ထို့နောက် သူမက မေး၏။

“ထောင့်တစ်ခုနဲ့ နောက်ထပ် ထောင့်တစ်ခုပေါင်းရင် ဘယ် လောက်ရမလဲ’

“ထောင့် နှစ်ခုပေါ့”

ကျွန်တော့်အဖြေကို ကြားရသောအခါ သူမ ပြုံးသည်။ ထို့ နောက် ထောင့်ကျဉ်းနှစ်ခုကို ဆက်ပြလိုက်၏။ ထောင့်သုံးထောင့်ပါ သော တြိဂံတစ်ခု ဖြစ်လာလေသည်။



www.burmeseclassic.com



၁ + ၁ = ၂ မဟုတ်လား ဟု ကျွန်တော် တွေးနေမိသည်။ ဟင့်အင်း. . . ထောင့်တွေအတွက်တော့ ၁ + ၁ = ၃ လည်း ဖြစ်နိုင်တာပဲလေ။ ဒါဆို နောက်ထပ် ထောင့်တစ်ခုက ဘယ်ကရောက်လာတာလဲ။

ကျွန်တော် စဉ်းစားရင်းက ကြက်ဥနှင့်ကြက်မ အကြောင်း ပြန်သတိရဖြစ်သည်။

ကြက်ဥကို ဘယ်သူဖန်ဆင်းတာလဲ။ ကြက်မ ကို ဘယ်သူဖန်ဆင်းတာလဲ။ နောက်ပြီးတော့. . . လောကကြီးကိုရော ဘယ်သူဖန်ဆင်းတာလဲ။

●





(၃)

အရာရာသည် ၁ + ၁ = ၂ ဖြစ်လာခဲ့ကြခြင်း မဟုတ်ပါ။ လောကကြီးသည် တတိယမြောက် ထောင့်ကျဉ်းအဖြစ်နှင့် ပေါ်ပေါက်လာခဲ့ပုံရပါသည်။ ကျွန်တော်တို့ကသာ တတိယထောင့်ထဲမှာ ရှင်သန်နေထိုင်နေရင်း ငါတို့ကို ဘယ်သူ ဖန်ဆင်းတာလဲ ဟု မဝံ့မရဲ မေးနေကြခြင်းဖြစ်၏။

ညနေစောင်းခဲ့ပြီ။ ကျွန်တော်က ချစ်သူကို ခြေသည်းဆိုးပေးနေဆဲပင် ရှိသေးသည်။ ညနေ နေခြည်က ပြတင်းပေါက်မှ တိုးဝင်လာ၏။ ညနေနှင့် မနက်ခင်း ဘယ်သူက အရင်လာသလဲ။ နံနက်ခင်းက ညနေကို မွေးဖွားပေးလိုက်ခြင်း မဟုတ်သလို ညနေခင်းက နံနက်ခင်းကို မွေးဖွားပေးခဲ့ခြင်းလည်း မဟုတ်ပါ။

နံနက်နှင့် ညနေသည် တကယ်တော့. . . တစ်ခုတည်းသာ ဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



# တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com



(၁)

ကိုကော်ပန်းတစ်ပွင့် သေဆုံးပြီး ပြန် ဝင်စားလို့ လူဖြစ်လာတဲ့ ကောင်မလေးတစ်ယောက်ဟာ 'သူမ' ပေါ့။

●

ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(၂)

အဲသည်နေ့က ရန်ကုန်တက္ကသိုလ် ရွှေဘိုဆောင်ရှေ့က ကံ့ကော်ပင်ကြီးတွင် ကံ့ကော်ပန်းများ တိုးတိုးတိတ်တိတ် ပွင့်ခဲ့ကြသည်ကို ကျွန်တော် အမှတ်တရ ရှိနေသေးသည်။

မြက်ခင်းစိမ်းစိမ်းပေါ် ကျနေသော အလင်းသည် အေးမြနေ၏။ ဂျပ်ဆင်အဆောက်အဦးနံဘေးသို့ သွားရာလမ်းပေါ် သစ်ရွက်တွေ ကြွေကျနေသည်ကို မြင်ရသည်။

ကျွန်တော် နှင့် သူမ နှစ်ဦးတည်းသာရှိနေသောကြောင့် သစ်ရွက်ကြွေသံ၊ လေတိုးသံမှ တစ်ပါး အရာခပ်သိမ်းသည် တိတ်ဆိတ်နေလေသည်။

"မင်းကိုယ်မင်း ကျောင်းပြီးအောင် တက်နိုင်မှာ မဟုတ်ဘူးလို့ သေချာနေတယ်ဆိုရင် ဘာဖြစ်လို့ အခုကတည်းက ကျောင်း မထွက်လိုက်တာလဲ"





ဟု ကျွန်တော် မေးလိုက်သည့်အခါ သူမက . . .

"ကျွန်မက ကျောင်းထဲကိုတော့ အမြဲ လာချင်တယ်။ အရင်ဘဝတုန်းက ကျွန်မက ကံ့ကော်ပွင့်တစ်ပွင့် ဖြစ်ခဲ့ဖူးတယ်လေ၊ အဲဒါကြောင့်လားတော့ မသိဘူး၊ ဟောဒီကျောင်းထဲက ကံ့ကော်ပန်းတွေကို ကျွန်မ အရမ်းချစ်တာပဲ"

"ဘုရားရေ. . . မင်း. . . ဘာတွေလျှောက်ပြောနေတာလဲ၊ ရူးများ ရူးနေပြီလား"

"ရှင် ထင်ချင်သလိုထင်နိုင်တယ်၊ ဒါပေမဲ့ ကျွန်မဟာ အရင်ဘဝတုန်းက ကံ့ကော်ပွင့်တစ်ပွင့် ဖြစ်ခဲ့တယ်ဆိုတာကတော့ အမှန်ပဲ၊ သေပြီးမှ အခုဘဝမှ လူဝင်စားလာဖြစ်တာ"

"ဘာဖြစ်လို့ သေတာလဲ"

သူမက ကျွန်တော့်မျက်နှာကို မကြည့်ဘဲဖြေသည်။

"ရေနစ်လို့"

ကျွန်တော် ခေါင်းကိုကုတ်လိုက်မိသည်။ ကံ့ကော်ပန်းများသည် ရေနစ်ပြီး သေရိုးထုံးစံရှိပါသလား။ နောက်ပြီး ပန်းတစ်ပွင့်သည် သေပြီး လူဝင်စားဖြစ်သည်ဆိုခြင်းကကော မှန်ကန်နိုင်ပါ့မလား။

အဲသည် ကောင်မလေး ရူးနေတာကတော့ သေချာပြီထင်ပါရဲ့။

ဒါမှမဟုတ် သူမ၏ လျှို့ဝှက်ချက်တစ်ခုခုလည်း ဖြစ်နိုင်သည်။ အတည်ပေါက်နှင့် နောက်ပြောင်နေခြင်းလည်း ဖြစ်နိုင်သည်။

ကံ့ကော်ပင်အောက်မှ ဖြတ်လျှောက်လာသောအခါ ရွှေဘိုဆောင် နှင့် ဒဿနိက စာသင်ခန်းများကိုဆက်သွယ်ပေးထားသည့်



www.burmeseclassic.com

www.burmeseclassic.com



စင်္ကြံပုပု အမိုးနိမ့်ကလေးအောက်သို့ ရောက်၏။

ထို စင်္ကြံလမ်းသည် ဂျပ်ဆင် အဆောက်အဦ နောက်ဘက် ဗြိတိသျှ ဗိသုကာလက်ရာ ခေါင်မိုး ခုံးခုံးများအောက်မှ ဖြတ်သန်းသွားခြင်းဖြစ်ပြီး 'မြန်မာပြည်တွင် အရှည်လျားဆုံး နှင့် အလှပဆုံး စင်္ကြံ' ဟု ကျွန်တော့်စိတ်ထဲက ကျိတ်၍ သတ်မှတ်ထား၏။

"ကျွန်မပြောတာတွေ နားထောင်ပြီး ရှင် ခေါင်းရှုပ်သွားပြီ မဟုတ်လား"

ကျွန်တော် အသာအယာပင် ပခုံးကို တွန့်ပြလိုက်သည်။ နောက် . . .

"ဟင့်အင်း. . . ကိုယ့်ခေါင်းထဲမှာ အရမ်း ရှင်းတယ်၊ မင်းကို ချစ်တယ်ဆိုတာကလွဲလို့ ကိုယ် ဘာမှမသိဘူး၊ သိလည်း မသိချင်ဘူး၊ စုံလည်း မစုံစမ်းဘူး"

သူမက (ရှားပါးလှစွာ) ဟက်ဟက်ပက်ပက် ရယ် မောလိုက်ရင်း . . .

"ဒါဆို ကျွန်မနာမည်ကိုကော ရှင် ဘယ်လိုလုပ်ပြီးသိသလဲ"

"မင်းတို့ အဆောင်ရှေ့မှာ ဗယာကြော်လာလာရောင်းနေတဲ့ ကုလားအဘိုးကြီးပြောပြတာ"

ဖူးစာရေးနတ်ဟာ ဗယာကြော်သည် ယောင်ဆောင်ပြီး ဖန်ဆင်းလာလိမ့်မယ်လို့တော့ ကိုယ် မျှော်လင့်မထားခဲ့မိဘူးဆိုတာ ဝန်ခံပါတယ်"

ကျွန်တော့်ဟာသကို သူမက အားနာပါးနာဖြင့်ပင် ရယ်ပေး





ဖော်မရ၊ ထို့ကြောင့် 'ငါပြောတဲ့အထဲမှာ ဘာများ အများပါသွားလို့ပါလိမ့်' ဟူသည့် အတွေးဖြင့် သူမကို မေးရန် လှည့်ကြည့်လိုက်သည်။

မတွေ့ရတော့။

စင်္ကြံလမ်းတစ်လျှောက်လုံး လူရှင်းနေသည်။ သူမကို မတွေ့ရတော့။ ထူးဆန်းစွာဖြင့်ပင် ကျွန်တော့်အပါးမှ သူမ ပျောက်ကွယ်သွားခဲ့လေပြီ။

သြော်. . . နားလည်ရခက်လိုက်တာ ချိုချိုသင်းလဲ့ရည်ဆွေ . . . ရယ်။

●



www.burmeseclassic.com

www.burmeseclassic.com



(၃)

သည်နေ့ အတန်းတက်သောအခါ သူငယ်ချင်းတွေမရှိ. . .။ ကျွန်တော်တစ်ယောက်တည်း။ ရန်အောင်စိုး၊ ကိုကိုမြင့်၊ အောင်စည်ဟိန်း နှင့် ထွန်းလင်းဦး တို့ အကုန်လုံး မေဂျာပေါင်းစုံ ဘောလုံးပြိုင်ပွဲ သွားကြည့်ကြသည်။ ကျွန်တော်တစ်ယောက်တည်းသာ ဘောလုံးပွဲ ဝါသနာ မပါသဖြင့် ကျန်ရစ်ခဲ့ခြင်းဖြစ်၏။ ဒါတောင်မှ . . .

"ဒီနေ့ ငါတို့မေဂျာနဲ့ ပထဝီကကောင်တွေနဲ့ ကန်ရမှာ။ အုပ်စု ရှုံးထွက်ပွဲကွ။ ဘောလုံးပွဲဝါသနာမပါတောင်မှ ကိုယ့်မေဂျာအား ပေးတဲ့အနေနဲ့ လိုက်ကြည့်သင့်တယ်"

ဟု ထွန်းလင်းဦးက ဆွယ်ပေးသည်။ သို့သော် ကိုကိုမြင့်က. . .

"နေပါစေကွာ၊ ဒီကောင်ကျန်ခဲ့တော့ အတန်းဝင်တဲ့ဆရာတွေ ခုံနံပါတ်စာရင်း (Roll Call) ခေါ်တဲ့အခါ ငါတို့အစား ထူးပေးမယ့်





လူရှိတာပေါ့"

သို့ဖြင့် ကျွန်တော့်ကို သူတို့ကိုယ်စား Roll Call ခုံနံပါတ် ထူးပေးရန် တာဝန်ပေးခဲ့ပြီး ဘောလုံးပွဲသို့ ချီတက်သွားကြ၏။ ရှုံးပြီးထွက် ရမည်ဟု ကြိုသိနေသော ပွဲတစ်ပွဲကို လိုက် အားမပေးချင်ပါ။ ဟိုကောင် တွေကတော့ နိုင်နိုင်ရှုံးရှုံး တစ်ခုမဟုတ်တစ်ခုတော့ ရှုပ်ရှုပ်ပွေပွေလုပ်ပြီး မှ ပြန်လာလိမ့်မည်ဟု ကျွန်တော် သေချာပေါက်ပြောရဲ၏။

အောင်စည်ဟိန်း က လူကြည့်လျှင်သာ ခပ်တည်တည် နှင့် တစ်ချိန်လုံး ဘာတွေတွေးလို့ တွေးနေမှန်းမသိ။ သူများတွေအတွက် လွယ်ကူရှင်းလင်းနေသောကိစ္စကို သူက ပြောင်းပြန် ခဲရာခဲဆစ်တွေ လျှောက်စဉ်းစားပြီး လုပ်လိုက်လျှင် အမြဲတမ်း တလွဲ။

ရန်အောင်စိုးကလည်း သေးသေးညှက်ညှက်နှင့် နေရာတကာ မှာ အင်မတန်ရှုပ်တတ်သည်။

ထွန်းလင်းဦးကျတော့ တစ်မျိုး။ ထူပေထူပေနှင့်။ အရေးကြီးပြီ ဆိုလျှင် 'ဘာလဲ. . . ဘာလဲ' ဟု အမြဲ မေးတတ်သည်။

ကိုကိုမြင့်ကိုတော့ အားလုံးက 'ဂျွန်ရော' ဟု အမည်ပေးထားကြ ၏။ လူများများ စုမိပြီဆိုလျှင် သူ(ဟိုးတစ်ခါက)ဖတ်ထားသော သက်တစ်ဝါးခန့် စာတိုပေစကလေးကို ကိုးကားပြီး . . .

"ဂျွန်ရော. . . ရေးခဲ့ဖူးသလိုပေါ့၊ ပညာရေးစနစ်ရဲ့ အဓိက မဏ္ဍိုင်ဟာ ပဋိပက္ခ သဘောတွေကနေ အည်မည်ပြုပြီး. . ."

စသဖြင့် ဘာညာဘာညာနှင့် နားငြီးအောင် ကြီးကြီးကျယ် ကျယ် အမြဲပြောတတ်လေ့ရှိသောကြောင့် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အခု ကန်မည့် ကျွန်တော်တို့ ဒဿနိက ဘောလုံးအသင်းကို ပါးစပ်ဖြင့် ထရိန်နင်ပေးခဲ့သူမှာလည်း ကိုကိုမြင့် ပင် ဖြစ်သည်။

●

ဘောလုံး လေ့ကျင့်ခန်းဆင်းရမည့် တစ်ရာသီလုံး အသင်းကို ကိုကိုမြင့် က ဦးဆောင်ကာ ဌာနမှူးထံတွင် ထရိန်နင်ကြေး ပိုက်ဆံသွား ထုတ်သည်။ နောက်. . . အဖွဲ့လိုက် ကင်တင်း သို့ ဆင်းလာကြပြီး ထို ပိုက်ဆံဖြင့် တစ်ဖြုန်းစ်ဖြု ဗိုက်ကားအောင် စားကြသောက်ကြတော့သည်။

ဘယ်တော့မှ ကွင်းထဲမရောက်။

တစ်ခုတော့ရှိသည်။ စားရင်းသောက်ရင်းနှင့် ကိုကိုမြင့်က. . .

"ဒီလိုရှိတယ်ကွ၊ ဘရာဇီးအသင်းရဲ့ ရှေ့တန်းတိုက်စစ်ကို လေ့ လာကြည့်မယ်ဆိုရင် လျှင်မြန်မှုနဲ့ အပေးအယူ စိပ်တာကို တွေ့ရပြီး တော့ ပြင်သစ်အသင်းရဲ့ မဟာဗျူဟာနည်းဗျူဟာတွေနဲ့ ကွဲလွဲနေတာကို ခွဲခြမ်း စိပ်ဖြာ သုံးသပ်လို့ရတယ်။ ဒါကို ဒဿနိကအမြင်နဲ့ ချဉ်းကပ် ကြည့်မယ်ဆိုရင်. . . အဲ. . . အဲ. . ."

စသဖြင့် တစ်နာရီခွဲ၊ နှစ်နာရီနီးပါးကြာအောင် လေပန်းတော့ သည်။ ကျန်အသင်းသားများကလည်း အားကစား စာစောင်ထဲတွင် ဖတ်ထားဖူးသမျှ အတိုအစများဖြင့် 'ရှေ့တန်းကို ဘယ်လို ထားပြီး၊ အလယ်တန်းကို ဘယ်လို ကစားမယ်၊ နောက်တန်းရဲ့ လှုပ်ရှားမှုကိုတော့ ဘယ်နှယ်. . . စသဖြင့် ဘောလုံးကို ပါးစပ်ဖြင့် ကန်ကြတော့သည်။





(ဒါကိုပင် သူတို့က ထရိန်နင်ဆင်းသည်ဟုခေါ်၏)

ရှေ့တန်းတိုက်စစ်မှူးအဖြစ် ကစားရမည့် ညွန့်ဟန် ကလည်း အားကျမခံ . . .

"ဖရီးကစ်ကန်တဲ့အခါကျရင် အကွာအဝေးနဲ့ ကန်မယ့်အားကို တွက်ချက်ပြီးမှ ဘောလုံးရဲ့ အောက်ပိုင်း သုံးပုံတစ်ပုံဧရိယာရဲ့ အစပ် မျဉ်းတည့်တည့်ကို ခြေဖမိုးစောင်းနဲ့ ၄၅ ဒီဂရီ အတိအကျထိအောင် ကန်ရတယ်၊အဲဒီလိုကန်မှဘောလုံးဟာသက်တန့်ကွေးပုံစံနဲ့ ဂိုးဘားတိုင် အောက်ကို ကပ်ပြီး ဝင်မှာ. . .၊ ဒါဟာ သင်္ချာမှာ ရှိတဲ့ ဟိုက်ပါဘိုလာ သဘောတရားပဲ၊ မင်းတို့မယုံရင် ငါကန်တဲ့အခါ သေသေ ချာချာ ကြည့်ထား"

ဟု ခပ်တည်တည်ဖြင့် ပြောတတ်သည်။ သူပြောပုံက နာမည် ကျော် ဘောလုံးသမား ဘက်ခမ်း ပင်လျှင် သူ့လောက် ဘောလုံးလမ်း ကြောင်းကို သင်္ချာနည်းမျဉ်းကွေး (Hyperbola) ပုံဖြင့် လေ့လာထားခြင်း မရှိဘဲ ကံကောင်းမြောင်းတည့်၍ ဂိုးဝင်နေခြင်းဖြစ်တော့သလိုလို. . .။

တကယ်တမ်းကျတော့ မေဂျာပေါင်းစုံ တက္ကသိုလ်နယ်မြေ ဘောလုံးပြိုင်ပွဲ စတင်ပြီး ကွင်းထဲဆင်းသွားရသည့်အချိန်ထိ ညွန့်ဟန် ခမျာ ခြေထောက်နှင့်ဘောလုံး တစ်ခါမှ ထိလိုက်ရဖူးသည်ဟူ၍ မရှိ။

ဘောလုံး ကို ခြေဖမိုး စောင်းဖြင့် ၄၅ ဒီဂရီတည့်တည့်ကျ အောင် ကန်ဖို့ဝေးစွ။ ဘောကန်ဖိနပ်ပင် မစီးတတ်သောကြောင့် အမြင် မတော်သူက ကြိုးချည်ပေးလိုက်ရ၏။

သည်လိုပုံစံဖြင့် ကျွန်တော်တို့ ပြိုင်ပွဲဝင်ခဲ့ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်လောက်ဆို ဘာတွေဖြစ်နေမည်မသိ။

●

ဆရာမောင်ကြည်သစ် ၏ ခုံနံပါတ် ခေါ်သံကြောင့် ကျွန်တော့် စိတ်တွေ စာသင်ခန်းထဲသို့ ပြန်ရောက်လာသည်။

"ခုံနံပါတ် ၄၅"

"ရှိပါတယ်ခင်ဗျ"

"၄၆. . ."

"ရှိပါတယ်ခင်ဗျ"

ထွန်းလင်းဦး၏ ခုံနံပါတ်က ၄၈ ဖြစ်သောကြောင့် ကျွန်တော် ထူးပေးရန် အသင့်ပြင်ထားလိုက်သည်။

"၄၇. . ."

"ရှိပါတယ်ခင်ဗျ"

"၄၈. . ."

"ရှိ. . . ရှိပါတယ်. . . ဆရာ"

ကျွန်တော့်အသံကြောင့် ဆရာ တွေခနဲဖြစ်သွားပြီး ခုံနံပါတ် ဆက်မခေါ်ဘဲ တစ်ချက်လှမ်းကြည့်သည်။ ထို့နောက် . . .

"နေစမ်းပါဦး. . . ငါမှတ်မိသလောက်တော့ ခုံနံပါတ် ၄၈ က အရပ်မြင့်မြင့်နဲ့ကောင်ပါ၊ ဒီနေ့ကျမှ ဘယ့်နှယ်လုပ်ပြီး မင်းက ၄၈ ဖြစ်နေရတာလဲ"





"အာ. . . ဟိုဒင်း. . . ကျွန်တော်ပါပဲဆရာရဲ့၊ မနေ့ကမှ တုပ်ကွေးဖြစ်ပြီး ကျွန်တော် အရပ် နည်းနည်း ပုသွားလို့ပါ"

ဆရာက မကျေနပ်သော်လည်း ဘာမှမပြောတော့ဘဲ ခုံနံပါတ် ဆက်ခေါ်သွားသည်။ ကိုယ်လုံးကိုယ်ထည် ထွားသလောက် ဒေါသကြီးတတ်သော ဆရာမောင်ကြည်သစ် ကို ကြောက်နေရသဖြင့် တစ်ချိန်လုံး ဘာတွေ သင်သွားမှန်းပင် မသိလိုက်တော့။

အတန်း ချိန်ပြီးသောအခါ နောက်ဘာသာရပ်တွေကိုပါ ဆက်သင်ချင်စိတ်မရှိတော့သဖြင့် ဘောလုံးကွင်းရှိရာဆီသို့ ကျွန်တော် ထွက်ခဲ့သည်။

●

ကျွန်တော်ရောက်သွားသည့်အချိန်တွင် ဘောလုံးပွဲ စတင်သည်မှာ အတော်ကြာခဲ့ပြီ။ ကျွန်တော်တို့ဘက်က အတော်ရှုံးနေပြီဖြစ်သလို အခြေအနေကလည်း အတော် ရှုပ်ရှုပ်ထွေးထွေးဖြစ်နေလေပြီ။

ညွန့်ဟန် က ကွင်းထဲတွင် (ဘောလုံးလည်း မရှိပါဘဲ) သူ့ဘာသာသူ တစ်ယောက်တည်း ချာချာလည်လှည့်နေ၏။ သူ့နည်းတူပင် ကျွန်တော်တို့အသင်းမှ ဘောလုံးသမားတွေအားလုံး (မိမိတို့တတ်စွမ်းသမျှ ပေါက်တတ်ကရ အရည်အချင်းပေါင်းစုံကို အစွမ်းကုန် ပြသရင်း) ဝရုန်းသုန်းကား ပြေးလွှားနေကြသည်။

ဘောလုံးပွဲကြည့်ရသည်နှင့်မတူဘဲ စပိန်နွားရိုင်းသတ်ပွဲတွင်



www.burmeseclassic.com

www.burmeseclassic.com



နွားရိုင်းလိုက်တွေ့ခံရသဖြင့် ပြေးလွှားနေကြသောလူအုပ်ကြီးနှင့်တူနေလေသည်။

အားပေးနေသည့် ပရိသတ်ထဲမှာ ကိုကိုမြင့်၊ရန်အောင်စိုး တို့ကို ရှာကြည့်သည်။ မတွေ့။ တွေ့မည့်တွေ့တော့ တစ်ဘက် (ပထဝီ အသင်း၏) ဂိုးစည်းနားတွင် . . .

ရန်အောင်စိုး က ပထဝီမေဂျာ မှ ဂိုးသမား ကို လေးခွဖြင့်ချိန်ထားရင်း . . .

"ဟေ့ကောင်. . . ငါတို့ဘက်ကကန်ရင် မင်း မဖမ်းနဲ့နော်၊ ဖမ်းလို့ကတော့ ငါ တကယ်ပစ်လိုက်မှာ၊ တွေ့လား"

သူ့ကို ပထဝီမေဂျာမှ ကျောင်းသားများတွေ့သွားပြီး . . .

"ဟေ့ကောင်. . . ရန်အောင်စိုး. . . မင်း ကောင်းကောင်း အားပေးပါကွ"

"ဆရာရေ. . . လာ ခြိမ်းခြောက်နေတယ်"

"ဒီကောင့်ကို ဆွဲထုတ်. . . ဆွဲထုတ်"

"ဟေ့ကောင်. . . သတ္တိရှိရင် ချမလား"

အော်သံဟစ်သံတွေ ပွက်ပွက်ညံနေတော့၏။

အောင်စည်ဟိန်းကလည်း ကိုယ်အသင်းမှလူများကို လက်ညှိုးတထိုးထိုးဖြင့် . . .

"ဟိုကောင် ကစားတာ ခြေမပေါ်ဘူး၊ ခြေအိတ်ကြီးစွပ်ထားတယ်"

ဟု ကုန်းအော်နေသည်။ ထွန်းလင်းဦး ကတော့ အောင်စည်





ဟိန်း ကို လက်တို့ပြီး . . .

"ဘာလဲဟင်. . . ဘာလဲ. . . ဘာလဲ"

ထုံးစံအတိုင်း မေးနေ၏။

နောက်ဆုံး အားပေးသူအချင်းချင်း ရန်ဖြစ်ကြရာမှ ကွင်းထဲမှာလည်း ဘောလုံးမကန်ဘဲ လက်ဖျ့ထိုးကြတော့သည်။ ညွှန့်ဟန် က တိုက်ကွမ်ဒို သိုင်းကွက်ခင်းနေစဉ် နောက်မှ ဖြတ်ကန်သွားသဖြင့် မှောက်လျက်လဲပြီး သွားနှစ်ချောင်းကျွတ်သွား၏။

ရုတ်ရုတ်သဲသဲဖြစ်သွားသောကြောင့် ပထမပိုင်းဖြင့်ပင် ဘောလုံးပွဲကို အဆုံးသတ်လိုက်ရတော့သည်။

အဲသည် ပထမပိုင်းမှာပင် ကျွန်တော်တို့ဘက်က ဆယ့်တစ်ဂိုး -ဂိုး မရှိဖြင့် ရှုံးသည်။

●



www.burmeseclassic.com

www.burmeseclassic.com



## (၄)

"ဘယ်သူမှ မမှားခဲ့ပါဘူး၊ တကယ်တော့ အားလုံးက ညံ့နေခဲ့ကြတာပါ"

သူဟာ ဘောလုံးပွဲရှုံးသည့်ကိစ္စနှင့်ပတ်သက်ပြီး ဝေဖန်ခြင်းလည်း မဟုတ်၊ အပြစ်တင်ခြင်းလည်း မဟုတ်သည့် စကားကို ဆို၏။

ရိုးရိုးသားသားဝန်ခံရလျှင် ကျွန်တော် လုံးဝ စိတ်မဝင်စားပါ။ ဘောလုံးပွဲ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ ကျွန်တော့်ကိစ္စ မဟုတ်ပါ။

ကျွန်တော် စိတ်ဝင်စားသည်မှာ ကျွန်တော့်ရှေ့က ကော်ဖီ ဝင်စားသည့်ကောင်မလေး ချိုချိုသင်းလဲ့ရည်ဆွေ ကိုသာ ဖြစ်၏။

သူမ ဘယ်ကလာခဲ့သလဲ. . . သစ်ဆိမ့်ပင်ကြီး၏ ပိုး ထိပ်ဖျားအကိုင်းခက်လက်တွေဆီကလား၊ မနက်ခင်းမှာ တိုက်ခတ်လာတတ်သောခရမ်းနုရောင် လေပြည်လေညင်းတွေကြားကလား၊ ကစားနည်းတစ်ခုလား၊ ပဟေဠိတစ်ခုလား၊ တယုတယစိုက်ပျိုးထားသည့် အိပ်မက်တွေ





နာမကျန်း ဖြစ်နေကြ၏။အဓိပတိ လမ်းမသည်. . . အဓိပတိလမ်းမသည်. . .။

●

ကျွန်တော်တို့ အဓိပတိလမ်းမအတိုင်း လျှောက်လာခဲ့ကြသည်။ မိုးရေစိုစွတ်နေသည့် ဘွဲ့နှင်းသဘင် အဆောက်ဦး သည် မှန်တိုင်းခိုနေသော လင်းယုန်ငှက်တစ်ကောင်၏ ကျွန်ခြေမျိုးဖြင့် ငြိမ်သက်နွမ်းနယ်စွာ တောင်ပံတွေချလျက်နားနေ၏။

စီတန်းနေသည့် ရေတမာပင်တွေ၏ အရွက်ဖျားမှာ အလွမ်းစက်တွေ သီးနေကြသည်။ ရေတမာပင်ရိပ်ကို မခိုကြနဲ့. . . အို. . . ချစ်သူတို့။ ရေတမာပင်အောက်က ခုံတန်းဝိုင်းဝိုင်းများသည် အိပ်မက်တွေကို သကြိုဟ်ထားခဲ့ပြီ။

"လက်တွေ့ မပါတဲ့ သင်ယူမှုတွေဟာ အကန်းပဲ။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်စိတ်ချမှု အပြည့်အဝ ထားနိုင်လောက်တဲ့ သတ္တိကို မွေး မပေးနိုင်တဲ့ သင်ကြားမှုဟာ ဆွံ့အနား မကြားခြင်းပဲ။ ရှင်တို့ဟာ ကွင်းထဲကို အကန်းတွေလို၊ ဆွံ့အနားမကြားတဲ့ ဒုက္ခိတတွေလို ဆင်းပြီး မကန်သင့်ဘူး"

ရန်အောင်စိုးကတော့ 'ဘဝဟာ ဘောလုံးကွင်းတစ်ခုပဲ' ဟု ပြောသည်။ အောင်စည်ဟိန်းကတော့ 'ငါတို့ဟာ ဘောလုံးဆင်းကန်ဖို့ သည့်စားခံခဲ့ရတာပါ' ဟု ကြေကွဲသည့်စကားကို ဆို၏။ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



"ချိုချိုသင်းလဲ့ရည်ဆွေကို ချစ်ဖို့ရော ဘယ်မှာ သင်ယူရမလဲ"

ဟု မေး၏။ အချစ်တွင် လေ့ကျင့်ရန် ကွင်း မရှိပါ။ စကားလုံးများ၊ အဘိဓာန်ဟောင်းများ၊ ဟုတ်ယောင်ထင်မှားမှု (illusions) များဖြင့် ကျွန်တော်တို့ နေထိုင်ကြပါသည်။

ကိုကိုမြင့်ကတော့ ဒီတစ်ခါ နှုတ်ဆိတ်နေသည်။ ဘာမှမပြော။ သူ အမြဲတမ်းပြောနေကျဖြစ်သည့် 'ဂျွန်ရော' အကြောင်းပင် ပါးစပ်မဟတော့။ သူ စိတ်ဓာတ်ကျနေသည်။

ဘောလုံးအသင်း ရှုံးနိမ့်ရခြင်းအတွက် အများစုက ကိုကိုမြင့်ကို အပြစ်တင်ကြသည်။

"ဒီကောင်က ထရိန်နင်ကြေးပိုက်ဆံတွေ ထုတ်ထုတ်ပြီး စားသောက်သုံးဖြုန်းပစ်တာကိုး၊ အသင်းက ဒီကောင့်ကြောင့် လေ့မှ မလေ့ကျင့်ရတာ၊ ရှုံးမှာပေါ့"

ဟု အပြစ်ဝိုင်းပြောကြ၏။ ထိုသို့ ပြောကြသူများထဲတွင် သူ့ကျွေးစဉ်က အချောင် ဝင်ရောက် စားသောက်ခဲ့ကြသူများလည်း ပါဝင်သည်။

တချို့ကလည်း ရန်အောင်စိုး ကို အပြစ်ပုံချချင်ကြ၏။

"အဲဒီကောင်က ဟိုဘက်အသင်းက ဂိုးသမားကို လေးခွနဲ့ သွားချိန်တာကိုး၊ သူ့ကြောင့် ရန်ဖြစ်ပြီး ပွဲပျက်တာ"

ဟု ဆိုကြသည်။

တကယ်တမ်းကျတော့ လူအားလုံးပင် ရယ်စရာ ကောင်းနေပါသည်။ ကိုယ် ဘာမှ မတတ်ကြောင်းကို (အနည်းဆုံး ကိုယ့်ဘာသာကိုယ်





သိနေသည့်တိုင်အောင်) ဝန် မခံကြ။ ကိုယ့်စိတ်ကို လှည့်ဖြားနေကြသည်။

အဓိပတိလမ်းရှေ့ တံခါးဝမှ သံပန်းဖြင့် ပြုလုပ်ထားသည့် ခြင်္သေ့ရုပ်ကြီးနှစ်ကောင်ကို ငေးကြည့်ရင်း ကျွန်တော် စဉ်းစားနေမိသည်။ သူမ ဘာဖြစ်လို့ ဒီလောက် စကားတွေအများကြီးပြောနေရတာလဲ. . .။

ချိုချိုသင်းလဲ့ရည်ဆွေ က ကျွန်တော်တို့အားလုံးကို တစ်ချက် လှည့်ကြည့်ပြီး ပြောသည်။

"အတောင်ပံတွေဖြန့်ပြီး ပျံသန်းနိုင်မှ ကောင်းကင်ကြီးကို သင်ယူလို့ရမယ်"

ပြောပြီးပြီးချင်း သူမ လှည့်ထွက်သွား၏။

သေချာပြီ။ ချိုချိုသင်းလဲ့ရည်ဆွေ ဆိုသော ကောင်မလေး ရူးနေသည်။

●



www.burmeseclassic.com

www.burmeseclassic.com



အဓိပတိလမ်းမပေါ်တွင် ကျွန်တော်တို့ ရပ်ငေး ကျန်ရစ်ခဲ့သည်။ မြက်ခင်းစိမ်းစိမ်းပေါ် စိန်ပန်းပွင့် အနီရဲရဲတွေ ကြွေကျနေပုံမှာ မီးတောက်မီးလျှံ ကြယ်တံခွန်တစ်ခု၏ အနမ်းနှင့်တူနေလေသည်။

●





(၅)

စာမေးပွဲဖြေပြီး၍ အခန်းထဲမှ ထွက်လာကြသည့်အခါ ထုံးစံအတိုင်း ရယ်ရယ်မောမော ဆူဆူညံညံပင် ဖြစ်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် အဖြေတွေတိုက်ကြသည်။ အော်ဟစ်ကာ မကျေမနပ် ပြောကြသည်။ တောက်. . . အချိန်မမီလိုက်လို့ကွာ. . . ဟု မချင့်မရဲ ရေရွတ်သူက ရွတ်သည်။ အောင်စည်ဟိန်းကတော့ ကျွန်တော့်ကို ခပ်တိုးတိုး ကပ်ပြောသည်။

"ငါ့အပြစ်တော့ လုံးဝ မပါဘူး၊ ငါသိတာတွေ အများကြီးရှိလျက်သားနဲ့ မမေးဘဲ. . . ငါမသိတာကိုမှ လာမေးတာ စာမေးပွဲမေးခွန်းထုတ်တဲ့ လူမှာပဲ တာဝန်ရှိတယ်"

"ဒါ. . . သိပ်မှန်တာပေါ့ကွာ၊ ဟေ့ကောင် ကိုကိုမြင့်. . . မင်းရော ဘယ်လိုလဲ၊ ဖြေနိုင်လား"

ကိုကိုမြင့်က လက်မ ထောင်ပြပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အေးဆေးပဲ"

"ဟင်း. . . မင်းက. . . ခိုးချတာလားမှမသိတာ"

"ဟာ. . . မခိုးချပါဘူး၊ ခိုးတယ်ဆိုတာ သူရာမေရိယကဲ ထိုက်တယ်ကွ"

"တော်စမ်းပါ. . . မဟာပညာကျော်ရယ်၊ အဒိန္နဒါနာကဲ ပါကွာ"

"ဩော်. . . ဟီး. . . ဟီး. . . ဟုတ်တယ်. . . ဆောရီးကွာ"

ထွန်းလင်းဦး ကတော့ ဘွဲ့နှင်းသဘင် အဆောက်အဦ ကို တစ်ချက်မော့ကြည့်ပြီး . . .

"ခိုးချပြီးရလာတဲ့ ဘွဲ့ကို တက်ယူရမှာ. . . ဟောဒီ ဘွဲ့နှင်းသဘင် အဆောက်အဦကြီးကို အားနာစရာကြီးကွာ"

ဟု ခပ်တိုးတိုးပြော၏။ ကျွန်တော်တို့အားလုံး အသံတိတ်သွားကြသည်။

တချို့ကိစ္စများတွင် လမ်းသည် လျှောက်သွားသူအတွက်သာဖြစ်ပြီး အလင်းသည် မြင်နိုင်သူအတွက်သာ ဖြစ်ပါသည်။ တက္ကသိုလ်သည် အိပ်မက်ထဲမှ စကားဝါဥယျာဉ်တစ်ခု ဖြစ်သည်။ အပြာရောင်သန်းသော သံယောဇဉ်တွေ စီးဆင်းရာစမ်းချောင်းလည်း ဖြစ်သည်။ ရွှေခြည်ငွေခြည်ထိုးထားသော ပိုးသားပဝါဖြင့် ရစ်ပတ်ထုပ်ပိုးထားရာ တောအုပ်တစ်ခုဖြစ်သလို အချစ်၏ ရနံ့ဖြင့် သင်းပျံ့နေသော အလင်းတန်းတစ်ခုလည်း ဖြစ်လေသည်။

အရွက်ကင်းမဲ့သော ရိုးတံခက်လက်တွေကို ဆန့်ထုတ်ဖြန့်မိုး





ထားသည့် သစ်ပုပ်ပင်အိုသည် ရဲတိုက် မျှော်စင်အိုတစ်ခုနှင့် တူနေလေသည်။

ထိုစဉ် ညွန့်ဟန် က အမောတကောဖြင့် ပြေးလိုက်လာရင်း . . .

"ဟေ့ကောင်တွေ. . . ဟေ့ကောင်တွေ. . . မင်းတို့ကြားပြီး ပြီလား"

"ဘာလဲ. . . ဘာဖြစ်လို့လဲ"

ထွန်းလင်းဦး က ထုံးစံအတိုင်း မေးလိုက်သည်။ ညွန့်ဟန်က ချက်ချင်းမဖြေ။ ခဏမျှကြာအောင် ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး အကြည့်ကို အောက်ငုံ့သွားသည်။ ပြီးမှ . . .

"အင်းလျားကန်ထဲမှာ ကျောင်းသူလေးတစ်ယောက် ရေနစ်လို့ . . . တဲ့"

"ဘာ. . ."

ကျွန်တော်နှလုံးအိမ်ထဲမှာ အမည်နာမတစ်ခု ကျယ်လောင်တိတ်ဆိတ်စွာ မြည်ဟိန်းသွားသည်။

ချိုချိုသင်းလဲ့ရည်ဆွေ . . .

ချိုချိုသင်းလဲ့ရည်ဆွေ . . .

အင်းလျားကန်ပေါင်ပေါ်သို့ ကျွန်တော် ပြေးထွက်လာခဲ့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘယ်မှာလဲ ချိုချိုသင်းလဲ့ရည်ဆွေ. . . မင်း ဘယ်မှာလဲ။ သူရူးတစ်ယောက်လို ကျွန်တော် လိုက်လံရှာဖွေနေမိသည်။ သူမ၏ အရိပ်အယောင်ကို ဘယ်မှာမှ မတွေ့ရ။ မင်း ဘယ်မှာလဲကွယ်. . .။

အင်းလျားကန်ပေါင်ပေါ်တွင် လူသူ ကင်းရှင်းနေသည်။ အားလုံး တိတ်တိတ်ဆိတ်ဆိတ်။ တကယ်တမ်း မိန်းကလေးတစ်ယောက် ရေနစ်သေတယ်ဆိုရင် ဟောသည်လို ငြိမ်သက်နေမှာတဲ့လား။ လူတွေ ယောက်ယက်ခတ် ရှုပ်ထွေးနေမှာပေါ့။ အလုအယက် ဝိုင်းအုံကြည့်နေကြမှာပေါ့။

တခုခုတော့မှားနေပြီ. . . ဟု ကျွန်တော် တွေးလိုက်၏။

အင်းလျားကန်ရေပြင်ပေါ်သို့ အသေအချာ လှမ်းကြည့်လိုက်သည်။

ဟင် . . .

ကံ့ကော်ပွင့်တွေ. . . ကံ့ကော်ပွင့်တွေ ရေနစ်နေသည်ကို မြင်ရလေသည်။





(၆)

အင်းလျားကန်စပ်တွင် ကျွန်တော်တစ်ယောက်တည်း ငြိမ်ငြိမ်သက်သက်ကလေး ထိုင်နေသည်။ ဆည်းဆာနေခြည်သည် ရေဂယက်များပေါ်တွင် မီးလျှံလို တဖျပ်ဖျပ် လှုပ်ခတ်သွား၏။

ရေနစ်နေသော ကံ့ကော်ပွင့်တွေကို မြင်နေရဆဲ. . .။

မှောင်စပြုပြီ. . .။

နွေးထွေးသော လေပြည်တစ်ချက် ဝှေ့တိုက်လာ၏။ ကျွန်တော် ဒီနေရာမှာထိုင်နေတာ ဘယ်လောက်ကြာသွားပြီလဲ. . . တစ်ရက်လား . . . တစ်လလား. . . တစ်နှစ်လား. . .။ မင်း. . . ဘယ်မှာလဲ ချိုချိုသင်းလဲ့ရည်ဆွေ. . .။

ရေပြင်က အမှောင်ကို နမ်းလိုက်၏။

"အဲဒီရေတွေကို ငါ မုန်းတယ်၊ မျှော်လင့်ချက်တွေကို နှစ်သတ်ခဲ့တဲ့ အဲဒီရေပြင်ကို ငါမုန်းတယ် . . . ငါ မုန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရှူးသွပ်ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

အဲသည်အခိုက်မှာပင် ကြားဖူးနေကျ အေးစက်စက်အသံတစ်ခုကို ကြားရလေသည်။

"ရေပြင်ဟာဘယ်သူ့ကိုမှ နှစ်နိုင်တဲ့အစွမ်းသတ္တိ မရှိခဲ့ပါဘူး"

ကျွန်တော်ချာခနဲလှည့်ကြည့်လိုက်သည်။ နှုတ်မှ တီးတိုးခေါ်ငင်မိသွား၏။

"ဟင်. . . ချိုချိုသင်းလဲ့ရည်ဆွေ"

သူမ၏အသွင်ကို ပီပီပြင်ပြင် မမြင်ရ။ (အမှောင်ကြောင့်ပဲလားတော့ မသိပါ) ခန္ဓာကိုယ်အနားသတ်မျဉ်းကွေးတလျှောက် ဝေဝေဝါးဝါး မှုန်ရီနေ၏။ အတိအကျမြင်ရသော အရာဝတ္ထု ဟူ၍ သူမ၏လက်ထဲတွင် ကိုင်ထားသော သတ္တုဖြင့် ပြုလုပ်ထားသည့် ကစားစရာသင်္ဘောလေးသာရှိသည်။

သူမက ကျွန်တော့်အနီးတွင် လာထိုင်သောအခါ ယဉ်ပါးခဲ့ဖူးသော ကိုယ်သင်းရနံ့ကို ရသည်။ မင်းဟာ တစ္ဆေလား ဟု ကျွန်တော်မေးလိုက်ချင်သော်လည်း မမေးဖြစ်ခဲ့။

သူမက လက်ထဲမှ သင်္ဘောလေးကို ရေပြင်ပေါ်သို့ချလိုက်၏။ ကစားစရာ သင်္ဘောငယ်ကလေးသည် ရေပြင်ပေါ်တွင် ပေါလောပေါ်နေလေသည်။ ချိုချိုသင်းလဲ့ရည်ဆွေက . . .

"ပင်လယ် သမုဒ္ဒရာထဲမှာ ရှိတဲ့ ရေတွေအားလုံးက တောင်မှ သင်္ဘောလေးတစ်စင်းကို မြုပ်သွားအောင် ဆွဲနှစ်မြုပ်မပစ်နိုင်ပါဘူး။ ဒါပေမဲ့. . . သင်္ဘောရဲ့ကိုယ်ထည်ထဲကို ရေနည်းနည်း ရောက်သွားရင်တော့ အဲဒီသင်္ဘောဟာ နစ်သွားမှာပဲ"

ပြောရင်းနှင့် သူမက ရေကို လက်တစ်ခုပ်စာ ခပ်ကာ သင်္ဘောဝမ်းထဲသို့ လောင်းထည့်လိုက်သည်။

သင်္ဘောကလေးသည် အင်းလျားကန် အောက်ခြေဆီသို့ တဖြည်းဖြည်းနစ်မြုပ်နိမ့်ဆင်းသွား၏။

"ဒါဟာ. . . အပြင်ကထုထည်ကြီးမားတဲ့ ရေကြောင့် မဟုတ်ဘူး၊ ကိုယ်တွင်းမှာ လက်ခံလိုက်မိတဲ့ ရေပမာဏ နည်းနည်းလေးကြောင့်ပဲ၊ အရှုံးဆိုတာလဲ ဒီလိုပါပဲ၊ ကိုယ့်ရဲ့စိတ်အတွင်းမှာ အရှုံးကို လက်မခံသေးသရွေ့ ဘယ်တော့မှ မရှုံးဘူး၊ ကိုယ့်ကို ဘယ်လို အင်အားမျိုးကမှ ဆွဲပြီးမနှစ်မြုပ်နိုင်ဘူး၊ ရှင်. . . နားလည်လား"

ထိုစကားကြောင့် ကျွန်တော် ထိတ်လန့်သွား၏။ ရေနစ်နေသည်မှာ သင်္ဘောကလေးမဟုတ်ဘဲ မိမိကိုယ်တိုင်ဖြစ်နေကြောင်း တွေ့လိုက်ရသည်။ တုန်လှုပ်ခြောက်ခြားစွာဖြင့် ကျွန်တော် အော်ဟစ်လိုက်မိ၏။

●





ကြောင်နှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(၇)

သူမသည် တစ္ဆေ မဟုတ်ပါ။

ကုံကော်တစ္ဆေတစ်ကောင် ခြောက်လှန့်သောအိပ်မက်ကို မက်နေမိသူမှာ ကျွန်တော်ကိုယ်တိုင်သာလျှင် ဖြစ်ပါသည်။

ပြီးတော့ . . .

ကျွန်တော်နှင့် သူငယ်ချင်း ရှုံးနိမ့်ခဲ့သည်မှာ ဘောလုံးပွဲတစ်ပွဲ မဟုတ်ပါ။

အတန်းဆန်သော ပညာသင်ကြားမှု မဟုတ်ခဲ့ပါ။ စာမေးပွဲ တစ်ခု မဟုတ်ခဲ့ပါ။ တစ်ဦးကိုတစ်ဦး အပြစ်တင်လိုမှု မဟုတ်ပါ။ အမိပတိလမ်း မဟုတ်ပါ။ အခြားသော တစ်စုံတစ်ရာသာလျှင် ဖြစ်သည်။

ကျွန်တော်တို့ ဘာကြောင့် ရှုံးနိမ့်ခဲ့ကြသလဲ. . .။

ရေနစ်သွားသည့် သင်္ဘောတစ်စင်းလို မိမိကိုယ်ထဲမှာ အရှုံး





ဆိုသည့် ရေစက်တွေကို လက်ခံ သိမ်းပိုက်လိုက်မိတာလား။

ဟင့်အင်း. . .။

အရှုံးတွေကို ခါချပြီး ကျွန်တော်တို့တွေ နောက်ထပ် ပွဲတစ်ပွဲ ကန်ဖို့ လာခဲ့ပါဦးမည်။

ကုံကော်မလေးရေ. . . အမိပတိလမ်းမပေါ်က စောင့်ပါကွယ်၊

■



www.burmeseclassic.com

www.burmeseclassic.com



# ကလေးတစ်ယောက်ရဲ့မှတ်စု

ကျောင်းနှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



(၁)

ရွှေရောင်ငါးကလေးများ ကူးခတ်နေသည့် စမ်းချောင်းကလေး အတိုင်း ကျွန်တော် ဖြည်းဖြည်းချင်း လျှောက်လာခဲ့ပါသည်။ ယခင် ညနေခင်းများလိုပင် ဆည်းဆာနေရောင်ခြည်သည် စမ်းချောင်းကလေး ၏ ရေမျက်နှာပြင်ပေါ်သို့ ရိုက်ခတ်လျက်ရှိရာ တဖျပ်ဖျပ် လက်ပနေ သည့် အလင်းအိုအိုသည် စိုစွတ်နွေးမြနေ၏။

မြက်ခင်းသည် နူးညံ့စွာ စိမ်းလဲ့နေပြီး လေပြည်လေညင်းထဲ တွင် နွဲ့နွဲ့ယိမ်းနေသော ပန်းပွင့်ဝါဝါကလေးများအကြားတွင် လိပ်ပြာ များနှင့် ပုဇဉ်းရင်ကွဲများကလည်း ပျံဝဲနေကြပါသည်။

ခါတိုင်း ညနေများလိုသာဆိုလျှင် ကျွန်တော်သည် စမ်းချောင်း အတွင်းသို့ ခုန်ဆင်း၍ ငါးများကို ဖမ်းဖို့သော်လည်းကောင်း၊ ပျံဝဲနေ သည့် လိပ်ပြာများနောက်သို့ ပြေးလိုက်၊ မြက်ခင်းထဲတွင် လူးလိမ့်နေ ဖို့ကိုသော်လည်းကောင်း၊ တစ်ခုခု ကြိုးပမ်းရင်း ပျော်ရွှင်မြူးထူးနေမိ

ကျောင်းနှစ်ကောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်မှာ သေချာပါသည်။

သို့သော် ဒီနေ့အဖို့တော့ ကျွန်တော် ငြိမ်ငြိမ်လေးသာ ထိုင်နေချင်မိ၏။ အဘယ်ကြောင့်ဆိုသော် မနက်ဖြန်သည် ကျွန်တော်၏ (၁၂)မြောက်မွေးနေ့ ဖြစ်ပါသည်။ မနက်ဖြန်ဆိုလျှင် ကျွန်တော် လူကြီးတစ်ယောက်ဖြစ်တော့မည်။

စမ်းရေက ကြည်လင်နေလျက်ပင်ရှိ၏။ လူးလာကူးခတ်နေကြသည့် ရွှေငါးကလေးများကို ကျွန်တော် ငေးကြည့်နေမိ၏။ သူတို့ ပျော်ရွှင်နေကြပါသည်။ (အနည်းဆုံးတော့ သူတို့ ပျော်ရွှင်နေကြပုံ ပေါ်ပါသည်)

သို့ရာတွင် ကျွန်တော်ကတော့ စိတ်တွေရှုပ်ထွေးလျက်ပင်ရှိနေ၏။ ကျွန်တော် လူကြီးဖြစ်ရလျှင် ကောင်းမည်လား၊ လူကြီး မဖြစ်ဘဲ ဒီအတိုင်း ကလေးဘဝဖြင့် ဆက်နေသွားရလျှင် ကောင်းမည်လား ဆိုသည်ကို ကျွန်တော် ယခုထိတိုင် ဝေခွဲ မရသေးပါ။

ကျွန်တော့်စိတ်ထဲတွင် တစ်ခါတစ်ရံတော့ (လူကြီးများကို အားကျစိတ်ဖြင့်) မြန်မြန်အရွယ်ရောက်လိုက်ချင်သော ဆန္ဒစောမှုတစ်ခုက ပုန်းလျှိုးကွယ်လျှိုး ပေါ်လာတတ်ပါသည်။ ဘာကြောင့် ထိုသို့ဖြစ်ရသည်ကိုလည်း ကျွန်တော် လွယ်လင့်တကူ ရှင်းပြနိုင်ပါသည်။

ကျွန်တော့်စိတ်ထဲတွင် 'လူကြီး' ဆိုသူများသည် အရာရာကို ကိုင်တွယ်စီစဉ်နိုင်ခွင့် ရှိသူများဖြစ်ကြပြီး ပြဿနာအားလုံးကိုလည်း ဖြေရှင်းနိုင်သောစွမ်းရည် ရှိကြသည်. . . ဟု အောက်မေ့ထားပါသည်။

ကျွန်တော်တို့ (ကလေးများ) လက်လှမ်းမမီသော၊ မသိနိုင်သော





ကိစ္စများအားလုံးကို သူတို့ 'လူကြီး' များက နားလည် ကျွမ်းကျင်ပြီးသားဖြစ်ရာ (ကလေးငယ်တို့၏ မျက်စိထဲတွင်) သူတို့သည် တန်ခိုးရှင်များဖြစ်နေကြပါတော့သည်။

ကျွန်တော်တို့လို ကလေးတွေအဖို့ မည်သည့်အခက်အခဲနှင့်မှ ကြုံတွေ့စရာ မလိုတော့ (လောက်အောင်) လူကြီးတွေက အစစအရာရာ ဖြေရှင်းပေးထားပြီးသား၊ လမ်းခင်းပေးထားနှင့်ပြီးသားဖြစ်နေသည်ဟု ကျွန်တော် ယုံကြည်အားကိုးထား၏။

●



www.burmeseclassic.com

www.burmeseclassic.com



(၂)

သို့သော် တစ်ခါတလေကျပြန်တော့လည်း လူကြီးများတွင် ကျွန်တော်တို့လို ကလေးတွေ နားမလည်နိုင်စရာ စိတ်ပျက်ဖွယ်ကောင်းသည့် အချက်များကိုတွေ့ရတတ်ပြန်သည်။ ဥပမာပြောပြရလျှင် ကျွန်တော် တစ်ခါက ဖေဖေ့ ကို မေးဖူးသည်။

"ဖေဖေ. . . ငါးတွေကရေသောက်ကြသလားဟင်"

ထိုမေးခွန်းကို ကျွန်တော် ကျေနပ်လောက်အောင် ဖေဖေ ဖြေဆိုနိုင်ခြင်းမရှိပါ (သို့မဟုတ်) ဖေဖေ၏ ဖြေဆိုပုံမှာ အလွန်ညံ့သည် ဟု ကျွန်တော်ထင်ပါသည်။

တိရစ္ဆာန်ရုံထဲတွင် လင်းနို့များကို ကျွန်တော် စတင်မြင်ဖူးသည့်နေ့ကလည်း အဲသည့်အတိုင်းပင် ဖြစ်သည်။ လင်းနို့တွေ ဇောက်ထိုးတွဲလောင်းကျနေကြသည်ကို ကြည့်ပြီး ကျွန်တော် အလွန် စိတ်ဝင်စားသွားသည်။





"ဖေဖေ. . . လင်းနို့တွေက ဇောက်ထိုးကြီးတွေနေကြတော့ ရှူးရှူးပေါက်ရင် ဘယ်လိုပေါက်ကြသလဲဟင်၊ သူတို့မျက်နှာတွေပေါ် ပြန်မစီးကျကုန်ဘူးလား"

ကျွန်တော့်မေးခွန်းကြောင့် ခေါင်းကိုကုတ်လိုက်ပြီး အတန်ကြာအောင် စဉ်းစားနေပါသည်။ ထိုနောက်တွင်မှ သိပ် မသေချာလှသော လေသံတစ်မျိုးဖြင့် . . .

"အင်း. . . ဒါကတော့ သူတို့ကို တော်တော်ကြီးကြာအောင် စောင့်ကြည့်လေ့လာပြီးမှ သိနိုင်မယ့်ကိစ္စပဲ. . . သားရဲ့"

ထိုစကားသည် 'အဖြေ' မဟုတ် ဟု ကျွန်တော်ထင်ပါသည်။ သို့သော် ကျွန်တော် ဘာမှ ပြန် မပြောလိုက်ပါ။ အလားတူမေးခွန်းမျိုး မေမေ့ကိုလည်း မေးခဲ့ဖူး၏။

"မေမေ. . . မြင်းကျားဆိုတဲ့ အကောင်ဟာ အဖြူပေါ်မှာ အနက်စင်းတွေပါတဲ့ သတ္တဝါလား၊ အနက်ပေါ်မှာ အဖြူစင်းတွေပါတဲ့ သတ္တဝါလား"

ကျွန်တော့်မှာ ပြဿနာတွေ တစ်ပုံကြီးရှိပါသည်။ ကျွန်တော် ထင်ပါသည်။ ကျွန်တော်တို့လို ချာတိတ်ကလေးတွေမှာ အဲသည်လို မေးခွန်းတွေ သိချင်တာတွေ၊ ပြဿနာတွေ အများကြီး ရှိပေလိမ့်မည်။

"ချိုချဉ်စားတာနဲ့ သကြားလုံး ငုံတာ ဘာ ကွာခြားသလဲ"

"နေကောင်းအောင်နေတာနဲ့ကျန်းမာရေး လိုက်စားတာ အတူတူပဲလား"

လူကြီးများက ကျွန်တော်တို့၏ပြဿနာကို ကျေနပ်လောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ကိုင်တွယ် ဖြေရှင်းနိုင်စွမ်း မရှိကြပါ။ တစ်ခါက မေမေ ပြောနေသော စကားထဲတွင် ဝေါဟာရ အသစ်အဆန်းတစ်ခုကို ကြားလိုက်ရသည့်အတွက် ကျွန်တော် အတော် စိတ်ဝင်စားသွားပါသည်။

"အဲဒီ ကုန်စုံဆိုင်က မိန်းမကြီးက သိပ် 'ပလီစီချောက်ချက်' ပြောတတ်တာရှင့်၊ ဘယ်တော့မှ သူပြောတာ မယုံနဲ့"

ကျွန်တော်က ကြားဖြတ်ပြီး ဝင် မေးလိုက်၏။

"မေမေ 'ပလီစီချောက်ချက်' ဆိုတဲ့စကားက ဘယ်ကနေ ဆင်းသက်လာတာလဲဟင်"

မေမေ က ဖေဖေ့မျက်နှာ ကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ဖေဖေက တစ်ချက် ရယ်လိုက်ပြီးနောက် ကျွန်တော့်ခေါင်းမှ ဆံပင်များကို ဖွဖွပွတ်သပ်ရင်း . . .

"ဖေဖေတို့လည်း သေသေချာချာတော့ မသိဘူး. . . သားရဲ့"

ဟု ဖြေပါသည်။ ကျွန်တော် စိတ်ညစ်သွား၏။ လူကြီးများသည် သူတို့ကိုယ်တိုင်ပင် သေသေချာချာ မသိသော စကားများကို ဘာကြောင့် (တစ်ဦးက) ပြော၍ (ကျန်တစ်ဦးက) နားလည်ချင်ယောင် ဆောင်နေရပါသနည်း။ လူကြီးများသည် အတော်ပင် 'ပလီစီချောက်ချက်' နိုင်ပုံရပါသည်။

●





(၃)

ကျွန်တော် စတုတ္ထတန်းကျောင်းသားဘဝတုန်းက အတန်းထဲတွင် ပန်းချီနည်းပြဆရာက . . .

"သားတို့. . . မနက်ဖြန်ကျရင် ပုံလှလှလေး တစ်ပုံစီ ဆွဲပြီး ဆရာ့ကို လာပြရမယ်၊ ကိုယ့်စိတ်ထဲမှာ 'လှတယ်' လို့ ထင်တာကိုသာ ဆွဲခဲ့ကြ"

အဲသည် တစ်ညနေလုံး 'လှတယ်' ဆိုတာ ဘာလဲ ဟု ကျွန်တော် အပြင်းအထန်စဉ်းစားပါသည်။ နောက်ဆုံးတွင် အောက်ပါပုံကို ဆွဲလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com









နောက်တစ်နေ့ . . . ကျောင်းတွင် ဆရာက ကျွန်တော်ဆွဲလာသောပုံကို ကြည့်လိုက်ပြီး . . .

"ဟင် . . . ဘာကြီးလဲ"

ဟု ရေရွတ်ပါသည်။ ထို့နောက် ကျွန်တော့်၏ပုံကို ဇောက်ထိုးလှည့်၍ ကြည့်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com









"ဟ. . . ဒါက သရဲပုံကြီးပဲကွ၊ သရဲက လှမှ မလှတာ"

'အလှ' ဆိုသည်မှာ 'မလှခြင်း' ၏ ဆန့်ကျင်ဘက် မဟုတ်ဘူးလား ဟု ကျွန်တော် မေးချင်ပါသည်။ ထို့ကြောင့် မလှသော သရဲပုံကို ဆန့်ကျင်ဘက်ဖြစ်အောင် ကျွန်တော်က ဇောက်ထိုးဆွဲလာခဲ့ခြင်းဖြစ်၏။

ဒါကို ဆရာက သဘောပေါက်ပုံ မရပါ။ ပုံများ အားလုံးကို အတည့်အတိုင်းသာ ကြည့်ရမည်. . . ဟု သူက ခံယူထားဟန်ရှိပါသည်။ ထို့ကြောင့် နဂိုကတည်းကမှ ဇောက်ထိုးဆွဲထားသော ကျွန်တော့်ပုံကို သူက ထပ်ပြီး ဇောက်ထိုးလှည့်လိုက်ခြင်းအားဖြင့် သရဲပုံ အတည့်ပေါ်လာသည်ဖြစ်ရာ "လှမှ မလှတာ" ဟု သူ မှတ်ချက်ပေးသည်ကို ဘာမှ မကန့်ကွက်ချင်တော့လောက်အောင် ကျွန်တော် စိတ်ပျက်သွားပါသည်။

လူကြီးများသည် ဇောက်ထိုးဆွဲထားသောပုံတစ်ပုံကို နဂို ဇောက်ထိုးရှိသည့်အတိုင်း ကြည့်ခြင်းအားဖြင့် အလှတရားကိုတွေ့နိုင်ကြောင်း သဘောပေါက်ပုံ မရပါ။ သူတို့က (သူတို့ကြည့်တတ်သလို. . . တစ်နည်းအားဖြင့် သူတို့မြင်ဖို့ ဆန္ဒရှိသလိုသာ ရှုထောင့်ပြောင်း၍ မြင်လိုကြသူများ ဖြစ်ပါသည်)

သူတို့ (လူကြီး)များသည် အင်မတန် ဉာဏ်ထိုင်းကြပုံရ၏။ အကယ်၍ တစ်ချိန်ချိန်တွင် ကျွန်တော်သာ လူကြီးတစ်ယောက် ဖြစ်သွားပါက သူတို့လိုပင် ဉာဏ်ထိုင်းသွားရတော့မည်ကို တွေး. . . တွေးပြီး ကျွန်တော် စိတ်မကောင်းဖြစ်မိပါသေးသည်။

●



www.burmeseclassic.com

www.burmeseclassic.com



(၄)

ထို့ပြင် လောလောဆယ်မှာပင် ကျွန်တော် စိတ်ရှုပ်ထွေးနေသော နောက်ထပ်ကိစ္စတစ်ခု ရှိပါသေးသည်။

မနေ့က စက်တင်ဘာလ (၁၁) ရက်နေ့ဖြစ်သည်။ နယူးယော့ခ်မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးဌာန အဆောက်အဦကြီးနှစ်ခုကို ခရီးသည်တင် လေယာဉ်ပျံနှစ်စင်းက ဝင်တိုက်ခဲ့သောနေ့ ဖြစ်ပါသည်။





(၅)

ဘာဖြစ်သွားမှန်း ကျွန်တော် မသိလိုက်ပါ။

ထို့ပြင် . . .

ဘာဖြစ်နေမှန်း ယခုအချိန်ထိလည်း ကျွန်တော် သေသေချာချာ မသိသေးပါ။ ဖေဖေနှင့် ကျွန်တော် အတူတူထိုင်၍ တီဗီဖန်သားပြင်ကို နာရီပေါင်းများစွာကြာအောင် စိုက်ကြည့်နေခဲ့ပါသည်။ မိုးထိအောင် မြင့်မားသော တိုက်ကြီးနှစ်လုံး တအိအိနှင့် ပြိုကျသွားပုံကို မြင်ရသည်။ မီးခိုးလုံးကြီးများနှင့် အသက်လုပြီး ပြေးလွှားနေကြသောသူများကိုမြင်ရသည်။ အော်ဟစ်နေကြသူများ၊ မှင်တက်မိကာ ရပ်ငေးကြည့်နေကြသူများ၊ ငိုကြွေးနေကြသူများ၊ နှစ်သိမ့်အားပေးနေကြသူများ၊ ဒိုးရိမ်ထိတ်လန့်စွာဖြင့် ဆောက်တည်ရာမရဖြစ်နေကြသူများကိုလည်း မြင်ရသည်။

ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်သမားများနှင့် အပျက်



www.burmeseclassic.com

www.burmeseclassic.com



အခန်းပုံကြီးအတွင်းမှာ တအိအိလှုပ်ရှားနေသော စက်ယန္တရားကြီးများတို့လည်း မြင်ရသည်။

အဲဒါ. . . ဘာတွေဖြစ်နေကြတာလဲဟင်. . .။

အမေရိကန်သမ္မတ နှင့် ဗြိတိန်ဝန်ကြီးချုပ် ဆိုသူတို့ နှစ်ဦးကိုလည်း တွေ့မြင်ရ၏။ သူတို့ကိုကြည့်ရသည်မှာ ဝမ်းနည်းကြေကွဲမှုနှင့် ဒေါသတို့ကို ကြိုးစားပမ်းစား ထိန်းချုပ်ထားနေရပုံ ပေါ်ပါသည်။

"အကြမ်းဖက်သမားတွေက လေယာဉ်ပျံတွေကို အပိုင်စီးပြီး အမြှာညီနောင် မျှော်စင်နှစ်ခု နဲ့ ပင်တဂွန် စစ်ဌာနချုပ်ကို ဝင်တိုက်ခဲ့ကြတာ. . ."

ဟု ဖေဖေက ပြောပြပါသည်။ (ဖေဖေ ပြောပြနေသည့် လေသံမှာ အသုဘ ဝတ်ပြုဆုတောင်းပွဲ အခမ်းအနားတစ်ခုတွင် တရားစာရွတ်ဖတ်နေပုံမျိုးနှင့်တူနေ၏)

လူတွေအများကြီး သေကျေကြသည်။ အဆောက်အဦတွေ စိစိညက်ညက်ကြေအောင် ပျက်စီးနေကြသည်။ မျက်ရည်များ၊ သွေးများ၊ မီးတောက်မီးလျှံများ၊ဒေါသနှင့်ဝမ်းနည်းကြေကွဲမှုများသည် ကျက်သရေကင်းမဲ့သော နေရောင်အောက်တွင် တဟုန်းဟုန်းတောက် လောင်နေကြ၏။

အသတ်ခံရတော့မည့် သိုးငယ်တစ်ကောင်၏ မျက်လုံးထဲမှ အကြောက်တရားမျိုးကို လူတွေ၏ မျက်နှာပေါ်တွင် ကျွန်တော် မြင်ဖူးလိုက်ပါပြီ။

●





ဘာကြောင့်လဲ. . . ဘာကြောင့်များလဲ. . . ဘာကြောင့် လူတွေအများကြီး ဒီလို စိစိညက်ညက်ကြေ သေကုန်ကြတာလဲ. . .၊ ဘာကြောင့် အကြမ်းဖက်ရတာလဲ. . . ဟု မေးလိုက်ချင်သော်လည်း ကျွန်တော် မမေးရက်တော့ပါ။ ဖေဖေ့ကို သနားသောကြောင့် ဖြစ်ပါသည်။

(ယခင်က ကျွန်တော်မေးသောမေးခွန်းများကို ဖေဖေက ဖြေဆိုနိုင်ခြင်းမရှိသည့်အခါတိုင်း ကျွန်တော် မကျေမနပ်ဖြစ်မိသော်လည်း) ဒီတစ်ခါတော့ ဖေဖေ မဖြေနိုင်ဖြစ်နေရမည်ကို ကျွန်တော် ထူးဆန်းစွာ သနားနေမိပါသည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော့်ဖေဖေ၏ အိုမင်းသောမျက်ဝန်းများထဲတွင် 'တုန်လှုပ်မှုနှင့် နားမလည်နိုင်မှု' တို့ကို ကျွန်တော် ထင်ထင်ရှားရှား တွေ့မြင်နေရသောကြောင့် ဖြစ်၏။ ဘုရားရေ. . . လူကြီးတွေရဲ့ဘဝဟာ ဒီလိုပဲလား. . .။

ဖေဖေတင်သာမကပါ. . . တီဗီဖန်သားပြင်ပေါ်တွင် မြင်တွေ့ရသော 'လူကြီး' များ အားလုံး၏ အိုမင်းနွမ်းနယ် နေကြသည့် မျက်ဝန်းများ အားလုံးထဲတွင် 'တုန်လှုပ်မှုနှင့်နားမလည်နိုင်မှု'က ချောက်ချားဖွယ်ရာ ကောင်းလောက်အောင် သိသိသာသာ ထင်ဟပ်နေသည်။

စိုးရိမ်ဖွယ် ဖျားနာမှုတစ်ခုက ကျွန်တော့်လည်ပင်း ကို အေးစက်စက်လက်ချောင်းများဖြင့် ဖျစ်ညှစ် ဆုပ်ကိုင်လိုက်ပါသည်။ ကျွန်တော် အသက်ရှူ ကျပ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထင်မှတ်ယုံကြည်ထားခဲ့သည်များ မှားယွင်းခဲ့ပါပြီ။ အို. . . ဒီလိုဆိုရင် လူကြီးဖြစ်ရတာ ဘယ်မှာပျော်စရာကောင်းသေးလို့လဲ. . .။

(ကျွန်တော်တို့ကလေးတွေ မသိနိုင်သော) ကိစ္စများအားလုံးကို လူကြီးတွေက နားလည်တတ်ကျွမ်းပြီးသား ဟု ထင်မှတ်ထားခဲ့သည်မှာ မှားယွင်းနေကြောင်း ကျွန်တော် သဘောပေါက်လိုက်ပါပြီ။ ယခု ဖြစ်ပွားသွားသောကိစ္စကို သူတို့လူကြီးတွေကိုယ်တိုင် 'နားမလည်'နိုင်အောင် ခံစားနေရသည်မဟုတ်လား. . .။

ကျွန်တော်တို့ ကလေးတွေအဖို့ မည်သည့်အခက်အခဲနှင့်မှ ကြုံတွေ့စရာ မလိုတော့လောက်အောင် လူကြီးတွေက အစစအရာရာ ဖြေရှင်းထားပြီးသား။ လမ်းခင်းပေးထားနှင့်ပြီးသား ဟု အောက်မေ့ထားမိသည့် စိတ်ကူးမှာလည်း နံနက်ခင်း မြူတွေလို ဝိုးတဝါး ပျောက်ကွယ်သွားပါပြီ။

ယခု. . . သူတို့ (လူကြီးတွေ) ကိုယ်တိုင် 'မဖြေရှင်းနိုင်သော အခက်အခဲကြီး' တစ်ခုနှင့် ကြုံတွေ့ကာ ယောက်ယက်ခတ် တုန်လှုပ်နေကြသည် မဟုတ်လား. . .။

လူကြီးတွေကို တန်ခိုးရှင်နတ်ဘုရားများသဖွယ် အားကိုးထားခဲ့မိသည့် ကျွန်တော်၏ 'ယုံကြည်မှု' များသည် (အမြှာညီနောင် မျှော်စင်ကြီး နှစ်ခုနှင့်အတူ) ပြိုလဲပျက်စီးကျဆုံးသွားပါတော့သည်။

●





(၆)

အကြမ်းဖက်တယ်ဆိုတာ ဘာလဲ. . .။ လူတွေကို သေအောင်လုပ်တာလား။ ဒါဖြင့် အကြမ်းဖက်တဲ့သူတွေ ကိုယ်တိုင်ကရော 'လူ' တွေပဲ မဟုတ်ကြဘူးလား။ သူတို့ကိုယ်တိုင်လည်း သေကြရတာပဲ မဟုတ်ဘူးလား။ လူတွေ သေကြပြီဆိုမှတော့ ဘယ်သူ့မှာ အကျိုးအမြတ်ရှိလာမှာလဲ. . .။

မုဆိုးမတွေလား. . .၊ ကွယ်လွန်သူတို့၏ ကျန်ရစ်ခဲ့သော သားသမီးတွေလား. . .၊ ကျွန်တော်တို့လို မျှော်လင့်ယုံကြည်မှု ကင်းမဲ့ပြီး ဗလာဟင်းလင်း ဖြစ်ကျန်ရစ်ခဲ့တဲ့ ကလေးငယ်တွေမှာလား. . .။

ကျွန်တော် ငယ်ငယ်ကတွေးခဲ့မိဖူးသော 'လင်းနို့'တွေ အကြောင်း ပြန်သတိရလာပြန်သည်။ အကြမ်းဖက်ခြင်းဆိုသည်မှာ လင်းနို့တွေ ဖောက်ထိုးကြီး ရှုံ့ရှုံ့ပေါက်သလို ကိုယ့်မျက်နှာပေါ် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်စီးကျစေသော ညစ်ပတ်သည့် ကိစ္စတစ်မျိုး ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။ (သည်ကိစ္စသည် ကျွန်တော့်စိတ်ထင် သက်သက်သာလျှင် ဖြစ်၏)

ရုပ်မြင်သံကြား ဖန်သားပြင် ပေါ်တွင် အမေရိကန်သမ္မတ၊ ဗြိတိန်ဝန်ကြီးချုပ်၊ ပြင်သစ်သမ္မတ၊ နယူးယော့ခ်မြို့တော်ဝန်၊ ပါကစ္စတန် သမ္မတ ဆိုသူတို့ စကားတွေ အများကြီး ပြောနေကြ၏။ သူတို့ စကားတွေ အများကြီးပြောကြပါသည်။ သူတို့လူကြီးတွေသည်. . . သည်လိုပင် စကားတွေ အများကြီးပြောလေ့ရှိကြ၏။

အကြမ်းဖက်မှုအဖွဲ့၏ခေါင်းဆောင် ဟုယူဆရသော အိုစမာဘင်လာဒင် ဆိုသူ၏ ရုပ်ပုံကိုလည်းမြင်ရသည်။ ထိုသူမှာ စန်တာကလော့(စ်) လို နှုတ်ခမ်းမွေးဖွားဖွား၊ မုတ်ဆိတ်ဖားဖားနှင့် ဖြစ်ပြီး တောက်ပသောမျက်လုံးများက ပြုံးရယ်နေပါသည်။ အလွန် သဘောကောင်းသော ဦးလေးကြီးတစ်ယောက်၏ ပုံမျိုးပေါက်နေ၏။ သို့ရာတွင် ရုတ်တရက် ပူကျွမ်းသော မီးခိုးလုံးကြီးများ၊ စိစိညက်ညက်ကြေမွသွားသော အဆောက်အဦများ နှင့် မရှုမလှသေဆုံးသွားရသည့် ထောင်ပေါင်းများစွာသော လူများကို ဖျတ်ခနဲ ပြန်မြင်ယောင်လိုက်သောအခါ ကျွန်တော် ထိတ်လန့်သွားပြန်သည်။ မည်သို့ပင်ဆိုစေကာမူ ဒီလူကြီးသည် လင်းနို့ကြီးတစ်ကောင်တော့ မဖြစ်တန်ရာ. . . ဟု ကျွန်တော် အောက်မေ့လိုက်မိ၏။

တကယ်တော့ သူသည်လည်း ကျွန်တော်တို့လိုပင် လူသားတစ်ယောက်ပင် ဖြစ်ပါသည်။

●





"ဟိုး. . . အရင်တုန်းကတော့ အဲဒီလူကြီးဟာ အမေရိကန်တွေရဲ့ မဟာမိတ်ပေါ့"

'မဟာမိတ်' ဆိုသော စကား အသုံးအနှုန်းသည် ကျွန်တော့်အတွက် ဝေါဟာရအသစ်တစ်ခု ဖြစ်ပါသည်။ ကျွန်တော်က မေးလိုက်သည်။

"အဲဒီတုန်းကတော့ သူဟာ လူတွေကို သတ်ခဲ့တာပဲလားဟင်"

"အင်း"

"ဘယ်သူတွေကိုလဲ. . .၊ အမေရိကန်တွေကိုလား"

"ရုရှားတွေကို သတ်တာပေါ့ကွ၊ အဲဒီတုန်းက သူနဲ့ အမေရိကန် 'မဟာမိတ်' ပါ. . . ဆို"

'မဟာမိတ်' ဆိုတာ ဘာလဲ. . .။ ယခုတော့ သူက အမေရိကန်တွေကို သတ်ဖြတ်သူတစ်ဦး ဖြစ်နေပြန်ပါပြီ။ ထို့ပြင် ယခု သူ့ကို တိုက်ခိုက်ရန် စီစဉ်နေကြသူများထဲတွင် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်တို့နှင့်အတူ ရုရှားပါ ပါဝင်နေပြန်သည် မဟုတ်လား. . .။

'မဟာမိတ်'ဆိုတာဘာလဲ. . .။ လူကြီးတွေသည် သူတို့ပြောနေသောစကားလုံး၏အဓိပ္ပာယ်သေသေချာချာမသိဘဲနှင့် (တစ်ဦးက)ပြောပြီး (ကျန်တစ်ဦးက)နားလည်ချင်ယောင် ဆောင်နေကြပုံရ၏။ လူကြီးများသည် အတော်ပင် 'ပလီစိချောက်ချက်' နိုင်ပုံရပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com



"ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ အမေရိကန်စစ်တပ်တွေအားလုံးကို အမြင့်ဆုံး တပ်လှန့်ထားလိုက်ပြီ"

"ဒါဟာ . . . စစ်ပွဲပဲ၊ ဘာမှ သံသယဖြစ်စရာမရှိဘူး"

"အကြမ်းဖက်ဝါဒကို ချေမှုန်းသုတ်သင်ကြ"

တီဗီဖန်သားပြင်ပေါ်တွင် ပေါ်လာသမျှ စကားလုံးတိုင်းက ကျွန်တော့်လို ကလေးတစ်ယောက်၏ စိတ်ကို ခြောက်လှန့်လျက်ရှိပါသည်။ ကျေးဇူးပြု၍ ကျွန်တော့်ကို ပုန်းခိုစရာနေရာတစ်နေရာ ပေးကြပါ။ နတ်ဘုရားတွေနှင့်တူသော လူကြီးများသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် သေမင်းခေါ်သံများ ပေးနေကြပါပြီ။

ဟိုး . . . အနာဂတ်ကို လှမ်းကြည့်လိုက်သောအခါ အဆုံးမရှိသည့် လိုဏ်ဂူတစ်ခု၏ အပေါက်ဝကို ကြည့်နေရသလိုမျိုး နက်မှောင်တိတ်ဆိတ်ပြီး ချောက်ချားဖွယ်ရာ 'အမည်နာမကင်းမဲ့မှု' တစ်ခုကို တွေ့ရ၏။

တကယ်ပင် . . . သည်ကိစ္စသည် ခေါ်ဝေါ်စရာ 'အမည်နာမကင်းမဲ့သော ဖျားနာမှု' တစ်ခု ဖြစ်ပါသည်။

ကျေးဇူးပြု၍ နတ်ဘုရားများ ဖြေဆိုတော်မူကြပါ။

- အကြမ်းဖက်ခြင်းအားဖြင့် ကိုယ်လိုချင်တာကိုရနိုင်ပါသလား . . .
- စစ်တိုက်ခြင်းဖြင့်ရောအကြမ်းဖက်မှုကို ချေမှုန်းနိုင်ပါသလား . . .

(ကျွန်တော့်စိတ်ထင် ပြောရလျှင်တော့ ထိုနှစ်ခုစလုံးသည် မြင်း





ကျားတစ်ကောင်၏ ကိုယ်ပေါ်မှ အဖြူစင်းနှင့်အနက်စင်းများပင် ဖြစ်ပါသည်) ရက်စက်သော နတ်ဘုရားများသည် အဘယ်ကြောင့် ထိုအရာ နှစ်ခုစလုံးကို ဖန်ဆင်းတော်မူခဲ့ကြပါသနည်း . . .။

●



www.burmeseclassic.com

www.burmeseclassic.com



(၇)

အမှောင်ထဲတွင် ကြောက်လန့်စွာဖြင့် အရှက်ညှိုးနွမ်းနေရသော သစ်ပင်ကလေးတစ်ပင်သည် ကျွန်တော်ဖြစ်ပါသည်။

စစ်. . .။ ထို 'စစ်' ကို ကျွန်တော်တို့ ရှောင်လွှဲထွက်ပြေး၍ မရတော့ပါ။

နတ်ဘုရားများသည်'စစ်'ကို ရွေးချယ်မည်လား. . .။ 'ကလေးငယ်များ' ကို ရွေးချယ်မည်လား. . .။ ဝမ်းနည်းစွာဖြင့်ပင် ထပ်၍ ပြောရပါဦးမည်။ စစ်ကို ကျွန်တော်တို့ ရှောင်လွှဲ၍မရနိုင်တော့ပါ။

နတ်ဘုရားများသည် 'ဒုတိယရွေးချယ်မှု' ကို မေ့လျော့ပစ်ခဲ့ကြပါပြီ. . .။ ထိုအချက်ကို ကျွန်တော့်နှလုံးသား အတွင်းတစ်နေရာမှ တိုးတိတ်စိုးရွံ့စွာဖြင့်ပင် (မသိချင်ဘဲနှင့်) အလိုလို သိနေ၏။

ကျွန်တော်. . . ကြောက်ရွံ့ တုန်လှုပ် အားငယ်စွာဖြင့် ဖေဖေ့ကို မေးလိုက်သည်။ (သည်မေးခွန်းသည် ကျွန်တော်၏ နောက်ဆုံးမျှော်လင့်





ချက်လည်း ဖြစ်ပါသည်)

"ဖေဖေ. . . ကျွန်တော်တို့ကော နောက်ထပ် ဒါမျိုး ကြုံနိုင်သေးလား. . . ဟင်"

ပြန်၍ကြည့်လိုက်သော ဖေဖေ၏ မျက်ဝန်းများမှာ (ကျွန်တော့်တစ်သက်သာမြင်ဖူးသမျှထဲတွင်) သနားစဖွယ် အကောင်းဆုံးဖြစ်ပါသည်။

"သား. . ."

သူက တိုးတိုးကလေးခေါ်လိုက်သည်။ ထို့နောက် ကျွန်တော့်ဆံပင်များကို သူ့လက်ချောင်းများဖြင့် ဖွဖွကလေး ပွတ်သပ်ပေးရင်း. . .

"ဘာတွေဖြစ်လာဦးမလဲဆိုတာ ဖေဖေလည်း မသိသေးဘူး . . . သားရယ်"

ကျွန်တော်၏ နောက်ဆုံးမျှော်လင့်ချက်လေး ကွယ်ပျောက်လွင့်ပြယ်သွားပါတော့သည်။ တိတ်ဆိတ်စွာဖြင့်ပင် ထ ရပ်လိုက်ပြီး ထွက်ခွာလာခဲ့သည်။

ဗုံးကြဲလေယာဉ်များ၊ တင့်ကားများ၊ သေနတ်များ၊ ဒုံးကျည်များနှင့် လေယာဉ်တင်သင်္ဘောကြီး များကို ထိုင်ကြည့်နေရသည်မှာ စိတ်ချမ်းသာစရာ လုံးဝမရှိပါ။

ကျွန်တော် သိလိုက်ပါပြီ။ လူကြီးများသည် ကျွန်တော်တို့ ကလေးတွေ၏ အနာဂတ်ကို အာမခံနိုင်ချက် ပေးနိုင်ခြင်းမရှိပါ။ သူတို့သည် အရာရာကို သိမြင်နားလည်သော၊ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိသော နတ်ဘုရားများ တန်ခိုးရှင်များ မဟုတ်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုယ်တိုင်ပင်လျှင် ဘာကို ယုံကြည်ရမည်မှန်းမသိ ဖြစ်ကာ တုန်လှုပ် ချောက်ချားနေသောအနာဂတ် ပျောက်ဆုံးနေကြသူများ ဖြစ်ကြပါသည်။

သည်လိုဆိုလျှင် ကျွန်တော် ဘာလုပ်ဖို့ 'လူကြီး' ဖြစ်ရဦးမည်နည်း။ ဟင့်အင်း. . . ကျွန်တော် လူကြီးဖြစ်ရမည်မှာ ဘာအဓိပ္ပာယ်မှ မရှိတော့ပါ။

●

စမ်းချောင်းကလေးဆီသို့ ကျွန်တော် ထွက်လာချိန်တွင် ကျွန်တော့် မျက်ဝန်းထဲတွင် တီဗီထဲမှပုံရိပ်တစ်ခုသာ ကပ်ညိပါလာခဲ့ပါသည်။

ထိုပုံရိပ်မှာ ကွယ်လွန်သွားကြသူများအတွက် ဝတ်ပြုဆုတောင်းပွဲတွင် ကလေးငယ်များက မီးညှိထားသော ဖယောင်းတိုင် ဖြူဖြူကလေးများကို ကိုင်လျက် တိုးတိတ်ဝမ်းနည်းစွာ ဆုတောင်းနေကြပုံဖြစ်၏။

ဗုံးကျည်များကို ကြည့်နေမြင်နေရသည်ထက် ဝတ်ပြုဆုတောင်းနေကြသော ကလေးငယ်တို့၏ လက်ထဲမှ အဖြူရောင် ဖယောင်းတိုင်များက အဓိပ္ပာယ် ပိုလေးနက်ပါသည်။

●





(၈)

စမ်းချောင်းထဲတွင်ကား ရွှေရောင်ငါးကလေးများသည် ငြိမ်ဆိတ် ချမ်းမြေ့စွာဖြင့်ပင် ကူးခတ်မြဲ ကူးခတ်နေကြပါသည်။ ပြိုလဲကျသွားသော အဆောက်အဦးများ အကြောင်း၊ ဗုံးကြဲလေယာဉ်များ အကြောင်းနှင့် ဗုံးကျည်များအကြောင်းကို သူတို့ သိကြဟန်မတူပါ။

မသိကြပါစေနှင့်. . . ဟုလည်း ကျွန်တော့်ရင်ထဲက တိတ်တိတ်ကလေး ကျိတ်ပြီး ဆုတောင်းနေပါသည်။ သို့မဟုတ်လျှင် သူတို့၏ ချမ်းမြေ့မှုကလေး ပျက်စီးသွားပေလိမ့်မည်။ ငြိမ်းအေးစွာဖြင့်ပင် သူတို့ ဆက်လက် ကူးခတ်နိုင်ကြပါစေ။

●



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က စမ်းချောင်းကလေး စီးဆင်းရာဘက်ဆီသို့ မျက်နှာဦးတည်၍ ငေးကြည့်နေခြင်းဖြစ်သောကြောင့် ရေစီးအတိုင်း စုန်ဆင်းကူးခတ်သွားသော ငါးကလေးများသည် ကျွန်တော့် မျက်လုံးထဲတွင် 'အတည့်' ဖြစ်ပြီး ရေဆန်ကို ပြန်တက်လာသော ငါးကလေးများကို ကြည့်ရသည်မှာ 'ဇောက်ထိုး' ဖြစ်နေပါသည်။

သို့ရာတွင် ကိစ္စမရှိပါ။ (သူတို့ မည်သည့်အရပ်မျက်နှာဘက်သို့ ဦးတည်၍ ကူးခတ်သည် ဖြစ်စေကာမူ) ကျွန်တော့်လို ကလေးတစ်ယောက်၏ မျက်လုံးထဲတွင်တော့ ရွှေရောင်ငါးကလေးများသည် လှုပမြဲလှုပနေကြပါသည်။

လူကြီးများဆိုလျှင်ကော. . .။ အဲသည်လို 'အရှိ ကို အရှိအတိုင်း' မြင်တတ်ကြပါမည်လား. . .။ သူတို့သည် အရာရာကို 'သူတို့ဘက်က. . . အတည့်' အတိုင်းသာ မြင်လိုကြသူများ ဖြစ်ကြ၏။

အမေရိကန်များသည် လည်းကောင်း. . .၊ တာလီဘန်များသည်လည်းကောင်း. . .၊ သူတို့ ဦးတည်ထားသော အရပ်မျက်နှာနှင့် ဆန့်ကျင်နေသည့် အရာမှန်သမျှကို 'ဇောက်ထိုး' ဟု သတ်မှတ်နေကြသည်။

'ဇောက်ထိုး' ကို 'ဇောက်ထိုး' အတိုင်း လက်ခံကြည့်မြင်ကြလျှင်ပင် ကိစ္စ မရှိသေးပါ။ ယခုတော့ သူတို့သည် အရာရာကို 'သူတို့ဘက်က. . . အတည့်' အတိုင်းဖြစ်ရန် ဆွဲလှည့် ပြောင်းလဲပစ်လိုက်ဖို့ ကြိုးစားနေကြ၏။ ထို့ကြောင့် ဇောက်ထိုးအတိုင်း လှုပနေသော အရာများသည် အမြွှာမျှော်စင်ကြီးနှစ်ခု ရုတ်တရက်တိုက်ခိုက်ခံရပြီး ပြို





ကျသွားသလိုမျိုး နားမလည်နိုင်စွာ ကြောက်လန့်တုန်လှုပ်စွာ၊ ဘဝ လုံခြုံမှု အာမခံချက် ကင်းမဲ့စွာ၊ အနာဂတ်မျှော်လင့်ချက်ပျောက်ဆုံးသွားသလိုမျိုး ခံစားရလိမ့်မည် မဟုတ်ပါလား. . .။

ကျွန်တော် လေးလံသော ခြေလှမ်းများဖြင့်ပင်ထိုနေရာမှ လှည့်ထွက်လာခဲ့သည်။

လူကြီးတွေ 'ပတ်ဝန်းကျင်ကို ထိန်းသိမ်းတယ်' ဆိုတာ ဘာလဲ။

သူတို့သည်. . . သူတို့သည်. . .

(ကျွန်တော့်မှာ ပြောစရာစကား မရှိတော့ပါ) လူကြီးများသည် သူတို့၏ ပိုင်ဆိုင်မှုများ ထိခိုက်လျော့ပါးမည်ကို စိုးရိမ်လာသောအခါတွင် 'ပတ်ဝန်းကျင် ထိန်းသိမ်းရေး' ဟု ကြွေးကြော်လာကြပြန်ပါသည်။ သို့သော်. . . တကယ်တော့. . .။

Save the children! Save the environment! Save the world! Save the WHAT?

တကယ်တော့ လူကြီးတွေ ထိန်းသိမ်းဖို့ လိုအပ်နေသည်မှာ သူတို့၏ရင်ထဲမှ ကျွန်တော် ပြောမပြတတ်သည့် တစ်စုံတစ်ရာကိုသာလျှင် ဖြစ်သည်။ ထို 'တစ်စုံတစ်ရာ' ကိုမှ မထိန်းသိမ်းနိုင်လျှင် Save the children သည်လည်းကောင်း၊ Save the environment သည်လည်းကောင်း ဘာမှ အဓိပ္ပာယ် ရှိတော့မည်မဟုတ်ပါ။

လေးလံသော ခြေလှမ်းများနှင့်ပင် ကျွန်တော် ပြန်လာခဲ့သည်။

ကျွန်တော်. . . အိမ်ပြန်ရပါဦးမည်။

●



www.burmeseclassic.com

www.burmeseclassic.com



(၉)

ကျွန်တော် အိမ်သို့ ပြန်ရောက်သောအခါတွင် ကျွန်တော့်ထက် အသက် လေးနှစ်ငယ်သော ညီလေး ကို တီဗီရှေ့တွင်တွေ့ရပါသည်။ တီဗီဖန်သားပြင်ပေါ်တွင်တော့ ကမ္ဘာ့ကုန်သွယ်ရေးဌာန အဆောက်အဦကြီးနှစ်ခု တိုက်ခိုက်ခံရပြီး ပြိုကျသွားပုံကို ထပ်တလဲလဲ ထုတ်လွှင့်ပြသနေ၏။

ညီလေးက ကျွန်တော့်ဘက်ကို လှည့်ကြည့်ပြီး မေးလိုက်သည်။

"ကိုကြီး. . . ဒါ. . . လူကြီးတွေ တီဗီဂိမ်း ကစားနေကြတာလားဟင်"

လေယာဉ်ပျံတစ်စင်း ပျံသန်းလာသည်။ မျှော်စင်ကြီးကို ဝင်တိုက်လိုက်သည်။ မီးလောင်ပေါက်ကွဲသွားသည်။

ကျွန်တော့်ညီလေးလိုပင်. . .။ ဒါကို လူကြီးတွေ ကစားနေကြ





သော တီဗီဂိမ်းတစ်ခု ဟု အပူအပင်ကင်းမဲ့စွာ ယုံကြည်ပစ်လိုက်ချင်ပါသည်။ အဲဒါ မကောင်းဘူးလား. . .။

ကျွန်တော် ကလေးလေးတစ်ယောက်သာ ပြန်ဖြစ်သွားချင်ပါတော့သည်။ အဘယ့်ကြောင့်ဆိုသော် ကလေးတစ်ယောက်၏ ဘဝထဲတွင် ယုံကြည်စရာတွေ အများကြီးရှိသည်။ အနည်းဆုံးတော့ ပုံပြင်တွေကို ကျွန်တော်တို့ ယုံကြည်နိုင်သည်။

ပုံပြင်များကပြောသော 'ကောင်း' တာတွေကို ကျွန်တော်တို့ ယုံကြည်နိုင်သည်။ ပုံပြင်များထဲတွင် တစ်စုံတစ်ရာ သေချာသော 'အမှန်တရား' တွေပါသည်။ တိကျပြီပြင်သော အဆုံးသတ် နယ်နိမိတ်ရှိသည်။ ပုံပြင်များထဲတွင် ပါရှိသည့် နတ်သမီး (Angels) များကို ကျွန်တော် ယုံကြည်နိုင်သည်။

သင်သည် (ပုံပြင်တစ်လျှောက်လုံးတွင်) မည်မျှပင် ဒုက္ခရောက်နေစေကာမူ ပုံပြင်၏ အဆုံးသတ်တွင် နတ်သမီး (Angels) များ ရောက်လာပြီး သင့်ကို ကယ်တင်လိမ့်မည်မဟုတ်လား။

■

မင်းခိုက်စိုးစန်



www.burmeseclassic.com